# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၆)၊ အမှတ်(၀၂၅)

## ယနေ့ ဖတ်စရာ

မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ပြည်သူ့တာဝန် ဆောင်းပါး စာ ၆

စိုက်ပျိုးစီးပွား (Agro-based) နိုင်ငံတော်ဆီသို့ စနစ်တကျခြေလှမ်းခြင်းနှင့် အာမခံချက်ရှိသော စိုက်ပျိုးရေးစနစ် ပီပြင်စွာဖြစ်ထွန်းရေး ဆောင်းပါး စာ ၁၁

ဂရိနိုင်ငံ၌ အသက် ၁၅ နှစ်အောက် ကလေးများ လူမှုကွန်ရက်အသုံးပြုခွင့် လာမည့်နှစ်တွင် ပိတ်ပင်မည် နိုင်ငံတကာသတင်း စာ ၁၄

မြို့တစ်မြို့ ရေရှည်တည်တံ့ဖို့ ဘာတွေလိုအပ်သလဲ ဆောင်းပါး စာ ၁၆





## (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထရက် ယှဉ်ပြိုင်မှုများကို ဒုတိယသမ္မတ ဦးညိုစော တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၄

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထရက် ယှဉ်ပြိုင်မှုများကို ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစောသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ✻

## မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းအနေဖြင့် ၂၀၂၆ ခုနှစ် ဧပြီလမှ အောက်တိုဘာ ၂၁ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၀၁၅ သန်းတန်ဖိုး ကုန်သွယ်ခဲ့

မြစ်ကြီးနား အောက်တိုဘာ ၂၄

ကချင်ပြည်နယ်အတွင်း နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများအား ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ သွင်းကုန်/ ပို့ကုန် ယာဉ်အစီးရေ ၃၇၀၇ စီး၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၀၁၅ သန်း တန်ဖိုးအထိ ကုန်သွယ်မှုဆောင်ရွက်နိုင်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑



## သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ကာလ စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်ရေး ဆီတင်ယာဉ်များအား အရန်သင့်ထားရှိ



နေပြည်တော် အောက်တိုဘာ ၂၄

သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း အများပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ အခက်အခဲမရှိ ခရီးသွားလာနိုင်ရေးအတွက် ခရီးသွားလာမှုများပြားသည့် လမ်းကြောင်းများပေါ်ရှိ မြို့ကြီးများတွင် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများကြိုတင်ထားရှိပြီးဖြစ်သည်။

အများပြည်သူတို့အနေဖြင့် စက်သုံးဆီများကို သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် ဝယ်ယူနိုင်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ ခင်းကျင်းပြသ

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ ကျင်းပရာ စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ ထောပတ်သီးနှင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ◆



# ယဉ်ကျေးမှုများအပေါ် လေးစားတန်ဖိုးထား

ယဉ်ကျေးမှုဟူသည် လူမျိုးတစ်မျိုး သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခု၏ မွေးဖွားသည်မှ သေဆုံးသည်အထိ ဘဝတစ်လျှောက်လုံးတွင် ကျင့်သုံးကြသော လူနေမှုစနစ်၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်စားသောက်မှုပုံစံ၊ အတွေးအခေါ်၊ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများ အားလုံးကို ခြုံငုံခေါ်ဆိုခြင်းပင်ဖြစ်သည်။

ယဉ်ကျေးမှုတွင် လူတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြုမူပြောဆို နေထိုင်လှုပ်ရှားမှုများပါဝင်သကဲ့သို့ သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ အနုပညာလက်ရာများ၊ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ထိန်းသိမ်းလာခဲ့သည့် အလေ့အထများ၊ တန်ဖိုးထားမှုနှင့် ယုံကြည်မှုများလည်းပါဝင်လျက်ရှိရာ မြင်တွေ့နိုင်သော ဒြပ်ရှိယဉ်ကျေးမှုနှင့် မမြင်မတွေ့နိုင်သော ဒြပ်မဲ့ယဉ်ကျေးမှုဟူ၍ ခွဲခြားမှုလည်း ရှိသည်။

ယဉ်ကျေးမှုသည် လူတစ်ဦးချင်းအတွက်ရော၊ လူမျိုးနှင့် နိုင်ငံအတွက်ပါ လွန်စွာအရေးကြီးသည်။ လူမျိုးတစ်မျိုး၏ အမှတ်အသား၊ အသက်ဝိညာဉ်ဖြစ်သည့်အလျောက် ယဉ်ကျေးမှုပျောက်ကွယ်ပါက လူမျိုး၏ မူလဇာစ်မြစ်နှင့် ဝိသေသလက္ခဏာများ ပျောက်ကွယ်သွားတတ်သည်။ ယဉ်ကျေးသည့် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးသော အမူအရာတို့က လူအချင်းချင်းဆက်ဆံမှုတွင် ပဋိပက္ခများကို လျှော့ချပေးပြီး လေးစားမှု၊ ချစ်ခင်မှုနှင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းကိုဖြစ်ပေါ်စေသည်။ ဘိုးဘွားအစဉ်အဆက် ကျင့်သုံးလာခဲ့သော ကောင်းမွန်သည့် ဓလေ့ထုံးတမ်းများ၊ စံတန်ဖိုးများနှင့် အသိပညာများသည် နောင်မျိုးဆက်များထံ လက်ဆင့်ကမ်းပေးသည့် ယဉ်ကျေးမှုအမွေများပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အသိမ်မွေ့ဆုံးသော အစိတ်အပိုင်းဖြစ်သည့် ယဉ်ကျေးမှုကို ထိုးဖောက်ဖျက်ဆီးခံရပါက နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများကိုပါ အလွယ်တကူ ထိခိုက်ပျက်စီးစေနိုင်သည်။

မိမိတို့နိုင်ငံသည် သမိုင်းကြောင်းရှည်လျားသည့် နိုင်ငံဖြစ်သကဲ့သို့ တိုင်းရင်းသားလူမျိုးများလည်း ၁၃၅ မျိုးရှိနေရာ ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ လွန်စွာပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ ခေတ်စနစ်နှင့် စံတန်ဖိုးများ ပြောင်းလဲသည်နှင့်အမျှ ယဉ်ကျေးမှုများသည်လည်း လိုက်ပါပြောင်းလဲတတ်သည့် သဘောရှိရာ မိမိတို့၏ကောင်းမွန်သော ရိုးရာယဉ်ကျေးမှုများကို မပျောက်မပျက်အောင် ထိန်းသိမ်းကြရမည်ဖြစ်သကဲ့သို့ ပိုမိုကောင်းမွန်တိုးတက်လာစေရန်အတွက်လည်း အရိုးပေါ် အရွက်မဖုံးစေဘဲ မြှင့်တင်ပေးကြရမည်ဖြစ်သည်။

လူ့အဖွဲ့အစည်းများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်ဆံမှုများ ရှိကြသည့်အလျောက် ယဉ်ကျေးမှုများ အပြန်အလှန်ကူးလူးဖလှယ်ခြင်း (Cultural Exchange) ဟူ၍ ရှိသော်လည်း ယဉ်ကျေးမှုခိုးယူခြင်း (Cultural Appropriation) မှာမူ ပြဿနာရှိသည်။ လူမျိုးစု သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုက အခြားလူမျိုးစုများ၏ ရိုးရာဝတ်စုံ၊ ထုံးဖွဲ့ဆင်ယင်မှု၊ အနုပညာ၊ ဘာသာရေးသင်္ကေတ စသည့် ယဉ်ကျေးမှုဆိုင်ရာ အစိတ်အပိုင်းများကို ၎င်းတို့၏ သမိုင်းကြောင်း၊ အနှစ်သာရနှင့် ရိုးရာဓလေ့တို့ကို လေးစားတန်ဖိုးထားခြင်းမရှိ၊ ခွင့်ပြုချက်မရဘဲ ကိုယ်ကျိုးအတွက် ယူငင်အသုံးပြုခြင်းသည် ယဉ်ကျေးမှုခိုးယူခြင်းပင်ဖြစ်သည်။

ယဉ်ကျေးမှု ခိုးယူခြင်း၏ အဓိကပြဿနာများတွင် ယုံကြည်ကိုးကွယ်မှုအရ အထွတ်အမြတ်ထားသော၊ လေးနက်သည့် အဓိပ္ပာယ်ရှိသော သင်္ကေတများကို ဖက်ရှင်၊ အလှဆင်ပစ္စည်း၊ ပျော်ပွဲရွှင်ပွဲဝတ်စုံသက်သက်အဖြစ် အပေါစားဆန်ဆန် သုံးစွဲခြင်း၊ ယဉ်ကျေးမှု၏ မူလပိုင်ရှင်တို့သည် အကျိုးအမြတ် သို့မဟုတ် အသိအမှတ်ပြုမှု တစ်စုံတစ်ရာ မရရှိဘဲ အခြားသူများက ၎င်းတို့၏ ရိုးရာအနုပညာကို ခိုးယူ သို့မဟုတ် အတုယူကာ စီးပွားဖြစ်ရောင်းချပြီး အကျိုးအမြတ်ရယူခြင်း၊ မူလလူမျိုးတို့ သုံးစွဲခြင်း/ဝတ်ဆင်ခြင်းတို့ ပြုလုပ်စဉ်က ကဲ့ရဲ့ရှုတ်ချခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ ခံရသော်လည်း လွှမ်းမိုးမှုရှိသည့် လူမျိုးစုများက ယူငင်သုံးစွဲသည့်အခါတွင် ထူးခြားသည်၊ ဖက်ရှင်ကျသည် စသည်ဖြင့် ချီးကျူးခံရခြင်း စသည်တို့ ပါဝင်သည်။

လူမျိုးစုတစ်ခု၏ ရိုးရာယဉ်ကျေးမှု သို့မဟုတ် သင်္ကေတတို့ကို အသုံးမပြုမီ ယင်း၏သမိုင်းကြောင်းနှင့် ကန့်သတ်ချက်တို့ကို ရှာဖွေလေ့လာရန်လိုပြီး ယင်းအပေါ်တွင် အလေးအနက်ပြုရန်၊ လေးစားရန်လိုသည်။ ရိုးရာယဉ်ကျေးမှုကို ဖန်တီးပိုင်ဆိုင်ခဲ့သည့် မူလပိုင်ရှင်လူမျိုးများကို အသိအမှတ်ပြုရန်နှင့် ထိုက်တန်စွာ ဂုဏ်ပြုဖော်ပြပေးရန်လည်းလိုသည်။ သို့မှသာ အခြားလူမျိုးစုတို့၏ ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားရာ ရောက်မည်ဖြစ်သည်။ သို့ဖြစ်ရာ လူမျိုးတို့၏ အသက်ဝိညာဉ်ဖြစ်သော ယဉ်ကျေးမှုတို့အပေါ် အမြတ်ထုတ်ခြင်း၊ မူလအဓိပ္ပာယ် သို့မဟုတ် သမိုင်းကြောင်း လျစ်လျူရှုခြင်း၊ မူလပိုင်ရှင်လူမျိုးကို အသိအမှတ်ပြု၊ ဂုဏ်ပြုမှုကင်းမဲ့ခြင်းအားဖြင့် ယဉ်ကျေးမှုခိုးယူခြင်းတို့ကို ယဉ်ကျေးသူတိုင်းက ဝိုင်းဝန်းဆန့်ကျင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နွားထိုးကြီးမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့ ညနေ ၄ နာရီ ၃၆ မိနစ် ၄၅ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (နွားထိုးကြီးမြို့၏ အနောက်မြောက်ဘက် ၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၆ ဒီဂရီ၊ အနက် ၃၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၂၄ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅ - ၁၀ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၁၅ | ၄၈၇၀ | ၄၈၂၀ | ၄၇၃၀ | ၄၈၇၅ | ၄၈၉၀ | ၄၉၂၅ | ၄၈၀၀ | ၅၁၇၀ | ၅၂၀၀ | ၄၈၂၀ | ၄၉၈၀ | ၄၉၁၅ | ၄၈၇၀ | ၄၈၈၀ | ၅၁၁၀ |
| 95 Ron | ၄၈၃၅ | ၄၉၉၀ | ၄၉၄၀ | ၄၈၅၀ | ၄၉၉၅ | ၅၀၁၀ | ၅၀၄၀ | ၄၉၂၀ | ၅၂၉၀ | ၅၃၂၀ | ၄၉၄၀ | ၅၀၉၅ | ၅၀၃၀ | ၄၉၉၀ | ၅၀၀၀ | ၅၂၃၀ |
| HSD (500 ppm) | ၄၄၄၅ | ၄၅၉၀ | ၄၅၄၅ | ၄၄၆၀ | ၄၅၉၅ | ၄၆၁၀ | ၄၆၄၀ | ၄၅၂၅ | - | ၄၉၀၅ | ၄၅၄၅ | ၅၁၃၀ | ၄၆၃၀ | ၄၅၉၀ | ၄၆၀၀ | ၄၈၂၀ |
| HSD (50 ppm) | ၅၃၇၅ | ၅၅၃၀ | ၅၄၈၀ | ၅၃၉၀ | ၅၅၃၅ | ၅၅၄၅ | ၅၅၈၀ | ၅၄၆၀ | ၅၈၃၀ | ၅၈၅၅ | ၅၄၈၀ | ၅၆၇၀ | ၅၅၇၀ | ၅၅၃၀ | ၅၅၄၀ | ၅၇၇၀ |
| HSD (10 ppm) | ၅၃၇၅ | ၅၅၃၀ | ၅၄၈၀ | ၅၃၉၀ | ၅၅၃၅ | ၅၅၄၅ | ၅၅၈၀ | ၅၄၆၀ | | ၅၈၅၅ | ၅၄၈၀ | ၅၆၇၀ | ၅၅၇၀ | ၅၅၃၀ | ၅၅၄၀ | ၅၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၈၆ | ၄၆၁၀ |
| 95 Ron | ၄၆၀၂ | ၄၇၂၇ |
| HSD (500 ppm) | ၄၂၃၆ | ၄၃၅၀ |
| HSD (50 ppm) | ၅၁၂၃ | ၅၂၅၆ |
| HSD (10 ppm) | ၅၁၂၃ | ၅၂၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❊ *ရှေ့ဖုံးမှ*

ဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပလျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးကဗျာလွတ်အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၏ လှပသေသပ်လှသည့် မြန်မာ့ရိုးရာကကွက်၊ ဟန်ပန်အမူအရာများကို ပိုင်နိုင်သွက်လက်တက်ကြွစွာဖြင့် ကပြယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသားပြတိုက်(နေပြည်တော်)၌ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပတ္တလားအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များက ထိပ်တင်ဇော်(ဝတ်တော်သိမ်း)သီချင်းဖြင့် တစ်ဦးချင်း တီးခတ်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များက ကြောက်ဖွယ့်ဘုန်းတန်း(ကြိုး)သီချင်းဖြင့် တစ်ဦးချင်းတီးခတ်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော် တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဦးတည်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ရတနာ

✣ ခေါင်း ခါး ခြေ လက်၊ ဤလေးချက်ဖြင့်
မပျက်ပါဝင် ကကြိုးဆင် ။

✣ ဒို-ရေ-မီ-ဖာ-ဆို-လာ-တီ-ဒို
သံစဉ်ချိုမြ၊ သင်္ကေတဖြင့်
စာသားပီပြင်၊ တေးသံလွင်
ကြေး-ကြိုး-သားရေ-လေ-လက်ခုပ်
တီးမှုတ်စုံစွာ၊ တူရိယာဖြင့်
မြိုင်စွာမြူးကြွ၊ စည်းဝါးကျလျက်
မြန်မာ့သံစဉ် ဂန္ထဝင် ။

✣ သြော် . . .
ဆို က ရေး တီး၊ ပြိုင်ပွဲကြီးကား
တိုင်းရင်းသားတို့၊ ရိုးရာစဉ်ဆက်
လက်ဆင့်ကမ်းလျက်
စုစည်းအားပြု၊ ယဉ်ကျေးမှုအမွေ
ရှေးရှုဝေစီ၊ မြန်ဌာနီ၏
တိုင်းပြည်လူမျိုး၊ ရတနာတည်း . . . ။

ရန်ကင်း-ကိုကိုလေး

[၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို က ရေး တီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်...]

## သီတင်းကျွတ်အခါသမယ ပြည်နယ်အတွင်းရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ပူဇော်ကန်တော့



**ဘားအံ အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ပြည်နယ်အတွင်း သီတင်းသုံးတော်မူကြသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ဘားအံမြို့နယ်မှ ဆရာတော်ကြီး ၁၂ ပါး၊ ကော့ကရိတ်မြို့နယ်မှ သုံးပါး၊ လှိုင်းဘွဲမြို့နယ်မှ လေးပါး၊ ဖာပွန်မြို့နယ်မှ တစ်ပါး၊ မြဝတီမြို့နယ်မှ သုံးပါး၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ နှစ်ပါး စုစုပေါင်း ထေရ်ကြီးဝါကြီးဆရာတော် ၂၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြသည်။

ကန်တော့ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဧည့်ပရိသတ် အပေါင်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ခေမာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသောပါကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကိုနာယူကြည်ညို၍ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများက သာရဏီယဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ အခမ်းအနားအပြီးတွင် ကြွရောက်ချီးမြှင့်တော်မူကြသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး အများပြည်သူများကိုလည်း နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

◆ *လေဖိအားနည်းရပ်ဝန်းမှ*

အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၅ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းသို့ ရောက်ရှိနိုင်ပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း-အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

❑ *မြစ်ကြီးနားမြို့အဝင်မှ*

အဆိုပါစခန်းတွင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့ ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများရရှိရေး၊ ဒေသတွင်း လူသုံးကုန်၊ စားသောက်ကုန်နှင့် တိရစ္ဆာန်အစာ စသည့်ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရန်၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြစ်စေရေး အလေးအနက်ထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ကုန်စစ်ဆေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကုန်စစ်ဆေးရေးစခန်းအတွင်း၌ ရော်ဘာပို့ကုန်များအား ကုန်စစ်ဆေးရေးစခန်းတာဝန်ခံနှင့် သက်ဆိုင်ရာဌာနများ၏ စစ်ဆေးဆောင်ရွက်နေမှု၊ ကုန်တင်ယာဉ်ရပ်နားကွင်းအတွင်း ကုန်တင်ယာဉ်များ စနစ်တကျ ရပ်နားစေပြီး စစ်ဆေးဆောင်ရွက်နေမှု၊ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအတွက် တည်ဆောက်ပေးထားသည့် နားနေဆောင်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်တင်ယာဉ်ကြီးများ ဝင်/ထွက်သွားလာမှု လွယ်ကူစေရေးနှင့် စနစ်တကျ ရှိစေရေးအတွက် စခန်းအဝင်/အထွက် ပတ်လမ်းများအား သဲကျောက်လမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကုန်စည်ပို့ဆောင်နေသော မော်တော်ယာဉ်ကြီးများအား စခန်းမှတစ်ဆင့် ဝါရှောင်ကျေးရွာ လမ်းခွဲနေရာအထိ သွားလာနိုင်ရေး ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်သွားမည့် လမ်းအခြေအနေနှင့် အဆိုပါစခန်းအနီးရှိ ယာယီနေရပ်စွန့်ခွာမိသားစုများအား နေရာချထားပေးသည့် ဆွတ်ကြိုင်ကျေးရွာပိုင် ပျံကျဈေးတည်ဆောက်သွားမည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖ *မြန်မာထောပတ်သီးမှ*

ပွဲတော်ကို စားသုံးမှုအရည်အသွေးကောင်းမွန်ခြင်း၊ အာဟာရတန်ဖိုး မြင့်မားခြင်းတို့ကြောင့် မြန်မာ့ထောပတ်သီးကို ပြည်တွင်းစားသုံးမှု တိုးတက်လာရုံမျှမက ပြည်ပဈေးကွက်များတွင်ပါ နေရာယူလာနိုင်သည့် အလားအလာရှိသော ပို့ကုန်သီးနှံအဖြစ် တောင်သူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ပြည်ပတင်ပို့သူများအကြား တိုက်ရိုက်ချိတ်ဆက်နိုင်သော လမ်းကြောင်းတစ်ခုဖန်တီးပေးနိုင်ရန် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ ခင်းကျင်းပြသမည့် မြန်မာထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ တွင် ဆိုင်ခန်း ၇၅ ခန်း၌ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သော ထောပတ်သီးများ၊ ထောပတ်သီး အခြေခံစားသောက်ကုန်များနှင့် နည်းပညာပေးပြခန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသထားပြီး စိတ်ပါဝင်စားသူများအနေဖြင့် အခမဲ့လေ့လာနိုင်ကြကြောင်း သိရသည်။

ဖွင့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်ကိုဗဟိုပြု၍ မိတ္ထီလာခရိုင် ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရမည်းသင်းမြို့ရှိ သီလဝခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ရမည်းသင်းခရိုင်၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေပြင်မှတင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မှန်ကန်တိကျမှုရှိရန် အထူးပင်အရေးကြီးကြောင်း၊ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေးနှင့် သီးနှံအထွက်နှုန်းစာရင်းများကို မြေပြင်အခြေအနေမှန်အတိုင်း တိကျမှန်ကန်စွာ ကောက်ယူတင်ပြရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည်တို့ကို စနစ်တကျဆောင်ရွက်၍ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်းမှာ မူဝါဒမဟုတ်ဘဲ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးမှာ မူဝါဒဖြစ်သဖြင့် အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း ရမည်းသင်းခရိုင်တွင် စပျစ်စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတွင် သီးထပ်များ စိုက်ပျိုးသွားရန်နှင့် အနည်းဆုံး နှစ်သီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်ပြီး ပို့ကုန်များ တိုးတက်လာစေရေးအတွက် မြေများကို စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ၌ အကျိုးရှိရှိ အသုံးချရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသတွင်းဖူလုံမှုရှိအောင် ဦးစွာဆောင်ရွက်ပြီးပါက ပိုလျှံလျှင် ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်ရရှိရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေသည့် ဒေသများနှင့် စက်ရုံများကို ချိတ်ဆက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး ကျေးလက်စီးပွားရေးလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို တိုးချဲ့မွေးမြူပြီး ကြက်သား၊ ကြက်ဥ၊ အေးခဲအသားများ ထုတ်လုပ်ခြင်း စသည့် MSME လုပ်ငန်းများကို စံပြဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နို့နှင့် နို့ဆီ/နို့စိမ်း နို့ထွက်ပစ္စည်းများ ပြည်တွင်းဖူလုံမှုရှိစေရေးအတွက် ရမည်းသင်းခရိုင်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဝါအခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့်ကျေးလက်ဒေသများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရာတွင် ပြည်သူများ အသိပညာပေးခြင်းနှင့် စည်းရုံးလှုပ်ရှားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေလုံလောက်မှုရှိစေရန် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေကန်များအတွင်း ရေကြိုတင်ဖြည့်တင်းခြင်းလုပ်ငန်းများနှင့် ရေအရင်းအမြစ် ရေရှည်စီမံခန့်ခွဲမှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များ၊ ခရိုင်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျနှင့် ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကင်းတာကျေးရွာရှိ ဒေါက်တာမြတ်စံ၏ ဇီဝက မွေးမြူရေးခြံသို့သွားရောက်၍ ဥစားကြက်ကောင်ရေ ၇၀၀၀၀ နှင့် နို့စားနွားကောင်ရေ ၁၀၃ ကောင် မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာနှင့် နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဒေသတွင်းစားနပ်ရိက္ခာဖူလုံ၍ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရေးနှင့် ဒေသထွက်ထုတ်ကုန်များအား အခြားဒေသများသို့ တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ၊ ဒေသထွက်စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများအား တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာ သုံးစွဲနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်သာယာရပ်ကွက်ရှိ ဦးဇော်ဇော်ဝင်း၏ မောနင်းစတားဓာတ်မြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာထုတ်လုပ်သည့်လုပ်ငန်းသို့ သွားရောက်၍ သီးနှံအမျိုးအစားအလိုက်အသုံးပြုနိုင်သည့် ဓာတ်မြေဩဇာအဆင့်ဆင့်ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချရန် ပြင်ဆင်နေမှုအခြေအနေကိုလည်းကောင်း၊ ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ ဦးစောတင်ထွဋ်၏ ရွှေငါးပျော်ဘွယ်မုန့်ကြွပ်လုပ်ငန်းခွင်သို့ သွားရောက်၍ မုန့်ကြွပ်လုပ်ငန်း ထုတ်လုပ်ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် ဖြန့်ဖြူးရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်ကျေးရွာရှိ ဒေါ်လှလှနိုင်၏ တိုးပွားကြီး ဝါကြိတ်စက်လုပ်ငန်းသို့ သွားရောက်၍ ဝါကြိတ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အင်ကြင်းကန်ကျေးရွာအုပ်စုရှိ ကတင်ကန်၊ အမှတ်(၃)မြောင်းမှ ရေတိုးမြှင့်ပေးဝေနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကတင်ကန်ဆည်ရေသောက်ဧရိယာအတွင်း ထပ်မံတိုးမြှင့်စိုက်ပျိုးဆောင်ရွက်မည့် အခြေအနေများနှင့် ရမည်းသင်းခရိုင်အတွင်း ဆည်/ကန်များမှ ရေရရှိရေးဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာရှိ တောင်သူ ဦးခင်မောင်ထွေး၏ မိုးစပါးမျိုးစေ့ထုတ် စံပြကွက်အား သွားရောက်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ရာသီအလိုက် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မား၍ မိုးခေါင်ရေရှားခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရေးနှင့် ရေအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ရွာတန်းသဲကျွန်းကျေးရွာအုပ်စုရှိ ဒေါ်နွယ်နီထွန်း၏ စပျစ်ခြံလုပ်ငန်းနှင့် ဦးအုန်းမြင့်၏ Amber အမှတ်တံဆိပ် စပျစ်ဝိုင်ထုတ်လုပ်မှုလုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက အရည်အသွေးမီ မျိုးကောင်းမျိုးသန့် စပျစ်မျိုးများတိုးချဲ့စိုက်ပျိုးရေး၊ ဝိုင်ထုတ်ကုန်များအား one region one product ထုတ်ကုန်များအဖြစ် တိုးတက်အောင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ ထုတ်လုပ်မှုနည်းပညာနှင့် စံချိန်စံညွှန်းအဆင့်မြှင့်တင်ရေး၊ ပြည်တွင်း ပြည်ပဈေးကွက်ချဲ့ထွင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြင်းနားကျေးရွာအုပ်စုရှိ တောင်သူဦးသိန်းအောင်၏ ဝါစိုက်ခင်းသို့ရောက်ရှိစဉ် ဝါစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီစွာ စိုက်ပျိုးရေး၊ ဝါမျိုးစေ့ထုတ်လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပြီး မျိုးကွဲများ မရောနှောစေရေးနှင့် ဝါစိုက်တောင်သူများ ဈေးကွက်ခိုင်မာစေရန်နှင့် စက်ရုံများအတွက် အရည်အသွေးမီကုန်ကြမ်းရရှိစေရန် ပေါင်းစပ်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျီးနီကန်အတွင်းသို့ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် လုံလောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆည်တိုကျေးရွာရှိ ဒေါက်တာကျူခင်၏ နွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် စစ်တွေ–ပလ္လင်ပြင်လမ်း ၆ မိုင်/၃ ဒသမ ၄ ဖာလုံအထိ (၂ မိုင် ၅ ဒသမ ၆ ဖာလုံ)အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်



**စစ်တွေ အောက်တိုဘာ ၂၄**

၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် စစ်တွေ–ပလ္လင်ပြင်လမ်း ၆ မိုင်/ ၃ ဒသမ ၄ ဖာလုံအထိ (၂ မိုင် ၅ ဒသမ ၆ ဖာလုံ) အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက် ရှိကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှ သိရသည်။

အဆိုပါ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးရန်၊ စေတနာထားကာ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဘုမေကျေးရွာအုပ်စု ဖေဒါကျေးရွာသို့ သွားရောက်ကြပြီး ဒေသခံများနှင့်တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျရာအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်အေးချမ်းမှုနှင့် တိုက်ရိုက်အချိုးကျသည့်အတွက် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ရှိစေရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍများတွင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် စားရေရိက္ခာဖူလုံမှုရှိစေရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး စသည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး ပြန်လည်ပြုပြင်မွမ်းမံ

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာ ဗိမာန်တော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးလင်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ ဂေါပက အဖွဲ့ဝင်များနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သာသနာ့မဟာဗိမာန်တော်ကြီး ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရာတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူခဲ့ပြီးဖြစ်၍ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ မူလပုံစံမပျက်ဘဲ ငလျင်ဒဏ် ၈ အဆင့် ခံနိုင်ရည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ရန်နှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ ပြုပြင်ခြင်းဆိုင်ရာ SOP စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် မူလအလှူရှင်ဖြစ်သော ထူးဆောက်လုပ်ရေးဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ကပင် ပြုပြင်မှုများကို လှူဒါန်းခြင်းဖြစ်သောကြောင့် ကုသိုလ်တရားပွားများရပါကြောင်း ပြောကြားသည်။



နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုကို ထူးဆောက်လုပ်ရေးဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်က ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွင်း အပြီးသတ် ဆောင်ရွက်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၂၄**

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။



**ကြည့်ရှုအားပေး**

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့နှင့်အတူ သွားရောက် ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စု ဟန်လွဲကျေးရွာရှိ နမ့်တဘက်ချောင်းအတွင်း စုပေါင်းငါးလွှတ်ပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ ငါးလွှတ်ပွဲတွင် နမ့်တဘက်ချောင်းအတွင်း ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း စုစုပေါင်းကောင်ရေ ၅၄၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ယမန်နေ့ ညနေပိုင်းကလည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာအုပ်စုရှိ MRTV–4, Forever Yawati သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ဆောင်ရွက်**

ဆက်လက်၍ MRTV–4, Forever Yawati မှ ဆောင်ရွက်ထားရှိသော ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လုပ်ရာတွင် အသုံးပြုရန် ကျေးရွာပုံစံဆောက်လုပ်ထားသည့် ကျေးရွာနေအိမ်များ၊ စတူဒီယို အဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိသည့် သဘာဝ ရှုခင်းရိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# သာစည်ဘူတာအသစ်တည်ဆောက်ရေး၊ စမုံချောင်းဒွေးလမ်းတံတားသစ်တည်ဆောက်ရေးနှင့် ကျောက်ဆည်ဘူတာသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သာစည်ဘူတာအသစ်တည်ဆောက်ရေး၊ သာစည်-မန္တလေး ရထားလမ်းပိုင်းရှိ စမုံနှင့်သပြေတောင်း ဘူတာအကြား တံတားအမှတ်(၆၉၁) စမုံချောင်းဒွေးလမ်း တံတားသစ်တည်ဆောက်ရေးနှင့် ကျောက်ဆည် ဘူတာသစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက သာစည်ဘူတာသို့ရောက်ရှိပြီး သာစည်ဘူတာအသစ် foundation လုပ်ငန်း ဆောင်ရွက်နေမှု Platform၊ Waiting Shed နှင့် လူကူးခုံးကျော်တံတားတည်ဆောက်ရန် လျာထား ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (သာစည်)သို့ ရောက်ရှိပြီး စက်ရုံအား အမြဲသန့်ရှင်း သာယာလှပရေးဆောင်ရွက်ရန်၊ စက်ရုံအတွင်း ထားရှိသော ရထားစက်ခေါင်းများ အပတ်စဉ် သန့်ရှင်းရေးပြုလုပ်ရန်၊ စက်ခေါင်းများ ပုံမှန်ကြံ့ခိုင်ရေးနှင့် ဆေးရောင်သစ်လွင်တောက်ပစေရေး အမြဲ ဆောင်ရွက်ရန်မှာကြားကာ သာစည်ဘူတာတွင် တိုင်းအမှတ် ၃ နှင့် ၄ တို့မှ တိုင်းအရာရှိများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် RBE ရထားဖြင့် သာစည်ဘူတာမှထွက်ခွာပြီး သဲတောနှင့်စမုံဘူတာအကြား All–TM စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ စမုံ-သပြေတောင်း ဘူတာအကြား တံတားအမှတ်(၆၉၁) စမုံချောင်းတံတားတည်ဆောက်ရေး စီမံကိန်းချဉ်းကပ်ရထားလမ်း သံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ တံတားကမ်းကပ်ခုံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလယ်တိုင် တည်ဆောက်ခြင်းလုပ်ငန်း၊ ကွန်ကရစ်တံတားဘောင်လောင်းရန် ပြင်ဆင်နေသည့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ချဉ်းကပ်ရထားလမ်းအား တံတားပြီးသည်နှင့်တစ်ပြိုင်တည်း ရထားသွားလာနိုင်ရေး ကြိုတင်ဆောင်ရွက်သွားရန် မှာကြားသည်။



အဆိုပါ တံတားသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပျက်စီးခဲ့သဖြင့် အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည့် အရှည် ၃၆၄ ဒသမ ၁၇ ပေရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားဖြစ်ပြီး ၂၀၂၇ ခုနှစ် မတ်လကုန်တွင် တံတားနှင့်ချဉ်းကပ်ရထားလမ်းများ အားလုံးပြီးစီး၍ အစုန်/အဆန်ရထားများ ပြေးဆွဲနိုင်မည်ဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်ဘူတာသို့ရောက်ရှိပြီး ဘူတာသစ်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ပြည်သူ့တာဝန်

**လူ့အဖွဲ့အစည်းတစ်ခု၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဒီမိုကရေစီစံနှုန်းများကို တိုင်းတာရာတွင် ထိုလူ့အဖွဲ့အစည်းအတွင်းရှိ ထိခိုက်လွယ်သော အုပ်စုများနှင့် မသန်စွမ်းသူများအပေါ် မည်မျှအလေးထားစောင့်ရှောက်သနည်း ဆိုသည့်အချက်သည် အရေးကြီးပါသည်။**

*ဆက်လက်ဝဲ(MDevS)*

မသန်စွမ်းမှုဆိုသည်မှာ ကံကြမ္မာ၏ မျက်နှာသာမပေးမှု သို့မဟုတ် သနားကရုဏာသက်ရုံဖြင့် ပြီးပြတ်သွားသည့် ပရဟိတကိစ္စရပ်တစ်ခုမဟုတ်ပါ။ မျက်မှောက်ခေတ်တွင် မသန်စွမ်းမှုကို ဆေးပညာဆိုင်ရာ ချို့ယွင်းချက်အဖြစ် ရှုမြင်သည့်စနစ်မှ လူ့အခွင့်အရေးအခြေပြုရှုမြင်သည့်စနစ်သို့ ကမ္ဘာတစ်ဝန်း အားကောင်းမောင်းသန် ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (UN-CRPD) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ယင်းနှင့်အညီ "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)"ကို ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် "**မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)**"တွင်လည်း "**မည်သူတစ်ဦးတစ်ယောက်မျှ နောက်ချန်မထားခဲ့ရေး**"ဟူသော အခြေခံမူကို ခိုင်ခိုင်မာမာ ချမှတ်ထားပါသည်။ ဤရည်မှန်းချက်များကို မြေပြင်တွင် လက်တွေ့အသက်သွင်းနိုင်ရန်အတွက် အခြေခံအကျဆုံးနှင့် မရှိမဖြစ်လိုအပ်သော ပထမခြေလှမ်းမှာ "**မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း**" ဖြစ်ပါသည်။

**အစိုးရ၏ တာဝန်ခံမှုနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်**

မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသည် ရိုးရှင်းသော စာရင်းကောက်ယူမှုမျှသာမဟုတ်ဘဲ အစိုးရ၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကိုဖော်ဆောင်သည့် ရလဒ်တစ်ခုဖြစ်ပါသည်။ တိကျသောအချက်အလက်မရှိပါက မည်သည့်ဝန်ကြီးဌာန၊ မည်သည့်အဖွဲ့အစည်းမျှ ထိရောက်သောကူညီပံ့ပိုးမှုများကို မလုပ်ဆောင်နိုင်ဘဲ ဘတ်ဂျက်များနှင့် မူဝါဒများသည် လေထဲတွင်သာ ပျောက်ဆုံးသွားမည်ဖြစ်ပါသည်။

**မှန်ကန်သောအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု။** ပြည်တွင်း၌ မသန်စွမ်းသူဦးရေ မည်မျှရှိသည်၊ ၎င်းတို့သည် မည်သည့်ဒေသများတွင် နေထိုင်ကြသည်၊ မည်သည့်မသန်စွမ်းမှုအမျိုးအစား (အမြင်၊ အကြား၊ ကိုယ်အင်္ဂါ၊ ဉာဏ်ရည်) အောက်တွင် ပါဝင်နေသည်ကိုသိရှိမှသာ အစိုးရအနေဖြင့် ပြည်သူ့ဘတ်ဂျက်ကို ထိရောက်၊ ပွင့်လင်းမြင်သာစွာ ခွဲဝေနိုင်ပါမည်။ ယင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ကတိကဝတ်အပေါ် တာဝန်ခံခြင်းဖြစ်ပါသည်။

**အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို တရားဝင်အသိအမှတ်ပြုခြင်း။** မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်မှတစ်ဆင့်ထွက်ပေါ်လာသော "**မသန်စွမ်းသက်သေခံကတ်ပြား**"သည် မသန်စွမ်းသူတစ်ဦးအား နိုင်ငံသားတစ်ဦးအနေဖြင့် ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်ရှိသူအဖြစ် တရားဝင်အသိအမှတ်ပြုလိုက်ခြင်းဖြစ်ပါသည်။

**မသန်စွမ်းမှုအဆင့်အလိုက် မျှတစွာပံ့ပိုးနိုင်ခြင်း။** မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇)၊ ပုဒ်မ ၂၂ အရ ကျန်းမာရေးဝန်ကြီးဌာနသည် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ဖြင့် မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်ကို သတ်မှတ်ရာတွင် နိုင်ငံတကာက ကျင့်သုံးသော စံနှုန်းများနှင့် လိုက်လျောညီထွေရှိရေး ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မသန်စွမ်းမှုအဆင့်ကို စနစ်တကျသတ်မှတ်ပေးခြင်းဖြင့် အမှန်တကယ် ပိုမိုလိုအပ်နေသူများကို ပိုမိုထိရောက်စွာ ဦးစားပေးထောက်ပံ့နိုင်မည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ပါသည်။

**မသန်စွမ်းသူများနှင့် အုပ်ထိန်းသူများ အလေးထားသင့်သည့်အကြောင်းရင်း**

မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိဘ၊ အုပ်ထိန်းသူများသည် မှတ်ပုံတင်ခြင်းလုပ်ငန်းကို မိမိတို့နှင့် မသက်ဆိုင်သကဲ့သို့ သဘောမထားဘဲ မိမိတို့၏ အရည်အချင်းနှင့် အခွင့်အရေးများကို မြှင့်တင်ရန် အထူးအလေးထား ဆောင်ရွက်သင့်ပါသည်။ ဤလုပ်ငန်းစဉ်သည် သနားကြင်နာမှုကို တောင်းခံခြင်းမဟုတ်ဘဲ ဥပဒေအရအခွင့်အရေးကို လက်ဝယ်ပိုင်ပိုင်ရယူခြင်းဖြစ်သည်။

> **"မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းသည် မသန်စွမ်းသူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို မှတ်တမ်းတင်ထားရုံမျှသာမဟုတ်ဘဲ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် လိုအပ်သည့် ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အခြားဝန်ဆောင်မှုများကို အမှန်တကယ်ရရှိခံစားနိုင်စေရန် အခြေခံအရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ နှင့် နည်းဥပဒေ ၂၀၁၇ တို့၏ ရည်ရွယ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ သက်ဆိုင်ရာ အစိုးရဌာနများ၏ တာဝန်သာမက မသန်စွမ်းသူများကိုယ်တိုင်၊ မိသားစုဝင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကလည်း မိမိတို့၏ အခန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ပြည်သူ့တာဝန်တစ်ရပ်ဖြစ်"**

**တန်းတူပညာသင်ကြားခွင့်။** မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇)၊ အခန်း (၃)ပါ ပြဋ္ဌာန်းချက်များအရ ပညာရေးဝန်ကြီးဌာန၏ လူတိုင်းအကျုံးဝင် ပညာရေးစနစ်အောက်တွင် မသန်စွမ်းကလေးငယ်များသည် လက်ရှိကျောင်းများ၌ ခွဲခြားဆက်ဆံမခံရဘဲ သင်ကြားခွင့်ရှိသည်။

**အလုပ်အကိုင်အခွင့်အလမ်းနှင့် ဥပဒေအရအကာအကွယ်။** မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅၊ အခန်း (၁၀)နှင့် နည်းဥပဒေများ၊ အခန်း (၈)တို့အရ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ လုပ်ငန်းခွင်များတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်ခွဲတမ်းစနစ်ကို သတ်မှတ်ပေးရမည်ဖြစ်ပါသည်။ မိမိတွင် မသန်စွမ်းသူမှတ်ပုံတင်ကတ်ပြားရှိထားခြင်းဖြင့် သင့်လျော်သောအလုပ်အကိုင်ကို ဂုဏ်သိက္ခာရှိရှိ လျှောက်ထားနိုင်ပြီး လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရပါကလည်း ဥပဒေကြောင်းအရ အကာအကွယ်ရယူနိုင်ပါသည်။

**အများပြည်သူသိရှိပြီး ဝိုင်းဝန်းကူညီရန် လိုအပ်ချက်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရတစ်ဖွဲ့တည်း၏ အားထုတ်မှုဖြင့် မလုံလောက်ဘဲ အများပြည်သူ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုဖြင့်သာ ရေရှည်တည်တံ့နိုင်ပါသည်။ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းအောင်မြင်ရန်မှာ မသန်စွမ်းမိသားစုများသာမက ပတ်ဝန်းကျင်ရှိ အများပြည်သူအားလုံး၏ စုပေါင်းအင်အားအပေါ်တွင် တိုက်ရိုက်မူတည်နေပါသည်။

**သတင်းအချက်အလက် မျှဝေပေးခြင်း။** ကျေးလက်ဒေသများနှင့်ဝေးလံခေါင်ဖျားသောဒေသများရှိ မသန်စွမ်းသူများနှင့် အုပ်ထိန်းသူအချို့သည် သတင်းအချက်အလက် လက်လှမ်းမမီမှုကြောင့် ဤကဲ့သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းများရှိသည်ကိုပင် မသိရှိကြပေ။ ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ပတ်ဝန်းကျင်တွင် မသန်စွမ်းသူများရှိပါက ၎င်းတို့၏ မိသားစုများကို မှတ်ပုံတင်ခြင်း၏အကျိုးကျေးဇူးများနှင့် လုပ်ထုံးလုပ်နည်းများကို လမ်းညွှန်အသိပေးသည့် "လူမှုရေးအရ တာဝန်သိစိတ်"ကို ပြသကြရပါမည်။

**ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ခြင်း။** အချို့သောအုပ်ထိန်းသူများသည် ရှေးရိုးစွဲအမြင်များ သို့မဟုတ် ရှက်ရွံ့မှုများကြောင့် မသန်စွမ်းကလေးငယ်များကို အိမ်တွင်း၌သာ ဝှက်ထားလေ့ရှိသည်။ အများပြည်သူအနေဖြင့် မသန်စွမ်းမှုကို အနာရောဂါတစ်ခု သို့မဟုတ် ရှက်စရာကိစ္စတစ်ခုအဖြစ် မရှုမြင်ဘဲ လူသားမျိုးကွဲများထဲက သဘာဝတရားတစ်ခုအဖြစ် နားလည်ပေးပြီး ၎င်းတို့မှတ်ပုံတင်ရန် သွားရောက်ရာတွင် ဝိုင်းဝန်းအားပေးကူညီရပါမည်။

**အဆင်ပြေချောမွေ့စွာ လက်လှမ်းမီနိုင်မှု ဖန်တီးပေးခြင်း။** ရပ်ရွာအဆင့်တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မသန်စွမ်းသူများ လွယ်ကူစွာလာရောက်နိုင်ရန် လမ်းတံတား၊ အဆောက်အအုံပိုင်းဆိုင်ရာနှင့်သတင်းအချက်အလက်ပိုင်းဆိုင်ရာကူညီမှုများကို မသန်စွမ်းသူအသင်းအဖွဲ့များနှင့်အတူ လူငယ်အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပံ့ပိုးပေးသင့်ပါသည်။

**ဆက်စပ်ပတ်သက်နေသော ကဏ္ဍများနှင့် လုပ်ငန်းစဉ်များ**

မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်အဆင့် ယန္တရားတစ်ခုလုံးနှင့် ချိတ်ဆက်နေပြီး ထွက်ပေါ်လာသောအချက်အလက်များကို အဓိကအားဖြင့် အောက်ပါကဏ္ဍအလိုက် အသုံးချကာ အစိုးရနှင့် ပြည်သူအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်-

**အမျိုးသားစီမံကိန်းရေးဆွဲရေးကဏ္ဍ။** နိုင်ငံတော်အဆင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရာတွင် တိကျသောမသန်စွမ်းမှုအချက်အလက်များက အခြေခံအုတ်မြစ်ဖြစ်သည်။ ဤအချက်အလက်များရှိမှသာ နိုင်ငံတော်ဘတ်ဂျက်ကို ထိခိုက်လွယ်သောအုပ်စုများအတွက် ပွင့်လင်းမြင်သာစွာ မျှဝေခွဲဝေနိုင်သည်။ မည်သည့်ဒေသတွင် မသန်စွမ်းမှုနှုန်းမြင့်မားနေသည်ကို သိရှိခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်စွာအသုံးချနိုင်ပြီး "**မည်သူတစ်ဦးတစ်ယောက်မျှ နောက်ချန်မထားခဲ့ရေး**"ဟူသော အမျိုးသားမူဝါဒကို တာဝန်ခံမှုအပြည့်ဖြင့် လက်တွေ့အကောင်အထည်ဖော် တွန်းတင်နိုင်ပါမည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ။** ဥပဒေ ၂၀၁၅၊ အခန်း (၇)နှင့် နည်းဥပဒေများ၊ အခန်း (၅) တို့အရ မသန်စွမ်းသူများ၏ အဆင်ပြေချောမွေ့စွာ လက်လှမ်းမီနိုင်မှုအတွက် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကဏ္ဍကို ဖော်ဆောင်ရာတွင် ဤအချက်အလက်များ လိုအပ်သည်။ ဘီးတပ်ကုလားထိုင်သုံးစွဲသူနှင့် အမြင်အာရုံချို့ယွင်းသူဦးရေကိုသိရှိမှသာ ဘတ်စ်ကားများ၊ ရထားများနှင့် လေဆိပ်များတွင် အထူးပြုပြင်ဖန်တီးပေးရမည့် စနစ်များ (ဥပမာ- ဘတ်စ်ကား အနိမ့်လိုင်းများ၊ အသံစနစ်များ)ကို စီမံနိုင်ပါမည်။

ထို့အပြင် ဒီဂျစ်တယ်နည်းပညာနှင့် သတင်းအချက်အလက်ကဏ္ဍများတွင်လည်း မသန်စွမ်းသူများ လက်လှမ်းမီသုံးစွဲနိုင်မည့် ဆက်သွယ်ရေးစနစ်များနှင့် မိုဘိုင်းအက်ပလီကေးရှင်းများဖန်တီးရန် ဤအချက်အလက်များက တန်ဖိုးရှိပါသည်။

**ပညာရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ။** ဥပဒေ ၂၀၁၅၊ အခန်း (၅)နှင့် နည်းဥပဒေများ၊ အခန်း (၃) တို့အရ အားလုံးအကျုံးဝင် ပညာရေးစနစ်အောင်မြင်ရန် မသန်စွမ်းကျောင်းသားဦးရေနှင့် အမျိုးအစားကို တိကျစွာသိရှိရန် အရေးကြီးပါသည်။ သို့မှသာ ပညာရေးဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းမှုအလိုက် လိုအပ်သော စာရေးခုံ၊ စာသင်ခန်း၊ သန့်စင်ခန်း အစရှိသည့် အဆင်ပြေသင့်လျော်သော ပတ်ဝန်းကျင်များကို စီမံနိုင်မည်ဖြစ်ပါသည်။

ဥပဒေ ၂၀၁၅၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)အရ မသန်စွမ်းသူများ အလွယ်တကူ အသုံးပြုနိုင်သော ဝန်ဆောင်မှုများ၊ စနစ်များ၊ ပုံစံများ၊ နည်းပညာ အထောက်အပံ့ပစ္စည်းများ၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်းနည်းပညာများကို သုတေသနပြုခြင်းနှင့် တီထွင်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ရာတွင် ဤမှတ်ပုံတင်စာရင်းသည် လမ်းညွှန်ပြသပေးပါသည်။

**ကျန်းမာရေးကဏ္ဍ။** ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နည်းဥပဒေများ၊ အခန်း ၄ တို့အရ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးများ (ဥပမာ- မသန်စွမ်းသူများအတွက် အခမဲ့ သို့မဟုတ် သက်သာသောနှုန်းထားဖြင့် ဆေးဝါးကုသခွင့်၊ ခြေတုလက်တုနှင့် ပြန်လည်သန်စွမ်းရေး အထောက်အကူပြုပစ္စည်းများကို ပံ့ပိုးပေးရန်) စီမံချက်ရေးဆွဲရာတွင် ဤအချက်အလက်များ လိုအပ်ပါသည်။

ဥပဒေ ပုဒ်မ ၃၄ အရ မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးကုသသည့် ဆေးရုံများ၊ ဆေးခန်းများ၊ လေ့ကျင့်သင်ကြားရေးကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ခွဲစိတ်အစားထိုးကုသသည့် ပညာရှင်များ၏စွမ်းရည်ကို မြှင့်တင်ပေးခြင်း၊ လိုအပ်သော ခေတ်မီစက်ကိရိယာများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ရာတွင်လည်း မသန်စွမ်းသူ မှတ်ပုံတင်အချက်အလက်များက မရှိမဖြစ် အရေးပါပါသည်။

**ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍ။** မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် နေထိုင်သော မသန်စွမ်း

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၂၄

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့၏ ၁၃၈၈-၁၃၈၉ (၂၀၂၆-၂၀၂၇) ပညာသင်နှစ်အတွက် သာသန တက္ကသီလဓမ္မာစရိယတန်း (ပထမနှစ်) သို့တက်ရောက်လိုပါက အစိုးရ ပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခု အောင်မြင်ပြီး သက်တော် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါအောက်ရှိသည့် ရဟန်း/ သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်ပြီး သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း(ပထမနှစ်) သို့ တက်ရောက်လိုပါက သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့၊ သာသန ဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟ ဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏဓမ္မာစရိယ ဘွဲ့ တစ်ခုခုရရှိပြီး သက်တော် (၃၅) နှစ်၊ သိက္ခာ (၁၅) ဝါအောက်ရှိသည့် ရဟန်း/ သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်သည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသီလဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်းဆိုင်ရာ (၅) ပုစ္ဆာ၊ အဘိဓမ္မာဆိုင်ရာ (၅) ပုစ္ဆာ မေးခွန်းလွှာတစ်ခုနှင့် ပါဠိဆိုင်ရာ (၅) ပုစ္ဆာ၊ အထွေထွေဗဟုသုတ (၅) ပုစ္ဆာ မေးခွန်လွှာတစ်ခု စုစုပေါင်း မေးခွန်းလွှာ နှစ်ခုကို နှစ်ရက်ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ ဓမ္မာစရိယတန်း (စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ) အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀) ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀) ပုစ္ဆာဖြေဆိုရမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် ဗုဒ္ဓဟူးနေ့မှ (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် သောကြာနေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈ နှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)မော်ကွန်း ထိန်းရုံး ဖုန်း ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃ ၀၇၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ချောက်မြို့နယ်၌ ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

ချောက် အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ အောက်တိုဘာ ၂၂ ရက်က မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများအား ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို ချောင်းတက်ကျေးရွာ၊ ပဒေသာကျွန်းကျေးရွာ၊ စလေကျေးရွာတို့ရှိ တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူ ၄၆ ဦး၏ စိုက်ပျိုးကေပေါင်း ၂၅၆ ကေအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၆၄၀ တိတိကို စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



**အောင်မြေသာစံမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ၊အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို အောက်တိုဘာ ၂၃ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက ကြည့်ရှုစစ်ဆေးပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ပူးပေါင်းဆောင်ရွက်ရန် မှာကြားစဉ်။** မောင်ကျော်ကြီး

*စာမျက်နှာ ၆ မှ*

သူများသည် မြို့ပြနေသူများထက် ပိုမိုခက်ခဲပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတွင် မသန်စွမ်းသူများ၏ မှတ်ပုံတင်စာရင်းရှိခြင်းဖြင့် ကျေးလက်သောက်သုံးရေရရှိရေး၊ လမ်းတံတားခင်းခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးရာတွင် မသန်စွမ်းမိသားစုများကို ထိရောက်စွာ ကူညီနိုင်ပါသည်။ ရပ်ရွာအခြေပြုကဏ္ဍစုံဖွံ့ဖြိုးရေးလုပ်ငန်းများ၌ မသန်စွမ်းသူများကိုယ်တိုင် တက်ကြွစွာပါဝင်လာစေရန် Civic Participation ဆွဲခေါ်ရာတွင်လည်း ဤအချက်အလက်က အဓိကကျပါသည်။

**စက်မှုနှင့် စီးပွားရေးကဏ္ဍ**။ ပုဂ္ဂလိကနှင့် အစိုးရစက်မှုလုပ်ငန်းများ၊ စီးပွားရေးကဏ္ဍများတွင် မသန်စွမ်းသူများ ပါဝင်စီးပွားရှာနိုင်ရန် ဤအချက်အလက်က လမ်းခင်းပေးနိုင်ပါသည်။ စက်မှုဇုန်များနှင့် ကုန်တိုက်များတွင် မသန်စွမ်းသူများ အဆင်ပြေစွာ သွားလာလုပ်ကိုင်နိုင်မည့် လုပ်ငန်းခွင်ပတ်ဝန်းကျင်ဖန်တီးရန် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းနိုင်ပါသည်။ ထို့အပြင် မသန်စွမ်းသူများဦးဆောင်သည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို နည်းပညာနှင့် အရင်းအနှီး ထောက်ပံ့ပေးရန်အတွက် တရားဝင်အချက်အလက်များက အထောက်အထားခိုင်လုံစေပါသည်။

**အလုပ်အကိုင်ရေးရာကဏ္ဍ**။ ဥပဒေ ၂၀၁၅ ပါ အလုပ်အကိုင်ခွဲတမ်းစနစ်ကို အသက်သွင်းရန် မသန်စွမ်းသူများ၏ လုပ်ငန်းခွင်ဝင်ရောက်နိုင်စွမ်းနှင့် အရည်အချင်း အချက်အလက်များ လိုအပ်ပါသည်။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မှတ်ပုံတင်ထားသော မသန်စွမ်းသူများ၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအလိုက် သင့်လျော်သော အလုပ်အကိုင်များနှင့် ချိတ်ဆက်ပေးနိုင်ပါသည်။ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမခံရစေရန်နှင့် ဂုဏ်သိက္ခာရှိသော လုပ်ခလစာရရှိစေရန် ဥပဒေကြောင်းအရ စောင့်ကြည့်ထိန်းကျောင်းရာတွင် ဤအချက်အလက်က အလွန်အရေးကြီးပါသည်။

**အမျိုးသမီးနှင့် လူငယ်ရေးရာကဏ္ဍ**။ မသန်စွမ်းအမျိုးသမီးများနှင့် လူငယ်များသည် ကျား၊ မ အခြေပြုအကြမ်းဖက်မှုနှင့် လူမှုရေးအပယ်ခံရမှုများကို နှစ်ဆရင်ဆိုင်ရလေ့ရှိပါသည်။ မသန်စွမ်းလူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် အမျိုးသားလူငယ်မူဝါဒများတွင် ၎င်းတို့၏အသံပါဝင်လာစေရန် မှတ်ပုံတင်အချက်အလက်က ကူညီပေးနိုင်ပါသည်။

ထို့အတူ မသန်စွမ်းအမျိုးသမီးများကို လူမှုရေးအရ အကာအကွယ်ပေးမည့်အစီအစဉ်များနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပံ့ပိုးပေးရန် ဤအချက်အလက်များသည် ဗဟိုချက်မအဖြစ် ဆောင်ရွက်ပေးနိုင်ပါသည်။

**ဆောက်လုပ်ရေးကဏ္ဍ**။ ဥပဒေ ၂၀၁၅၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က၊ ခ၊ ဃ၊ င) နှင့် နည်းဥပဒေများ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က၊ ဂ၊ င)တို့အရ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် မသန်စွမ်းသူများ အတားအဆီးမဲ့ သွားလာအသုံးပြုနိုင်ရေးအတွက် ဆောက်လုပ်ရေးကဏ္ဍသည် အရေးကြီးပါသည်။ မှတ်ပုံတင်ထားသော အချက်အလက်များအပေါ် မူတည်၍ အိမ်ရာ၊ စာသင်ကျောင်း၊ ရုံး၊ ဆေးရုံ၊ ဈေး၊ ပန်းခြံ၊ ရုပ်ရှင်ရုံ၊ ကဇာတ်ရုံ၊ ပြတိုက်၊ အားကစားရုံ၊ ဈေးဝယ်စင်တာ၊ အများသုံးသန့်စင်ခန်း၊ လမ်းတံတား၊ လျှောက်လမ်း၊ ပလက်ဖောင်း၊ လူကူးမျဉ်းကျား၊ လမ်းဆုံမီးပွိုင့်၊ ကားဂိတ်၊ ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ် စသည်တို့တွင် မသန်စွမ်းသူများလွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် တည်ဆောက်ရန် စံချိန်စံညွှန်းများသတ်မှတ်ရာ၌ ယခုအချက်အလက်များကို သုံးရပါသည်။

**အားကစားကဏ္ဍ**။ မသန်စွမ်းသူများ၏ ကာယ၊ ဉာဏစွမ်းရည်များကို မြှင့်တင်ပေးရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ပျော်ဝင်စေရန် အားကစားနှင့် လူမှုရေးရာကဏ္ဍသည် အရေးပါသည်။ နည်းဥပဒေ ၂၀၁၅၊ ပုဒ်မ ၂၈ အရ မှတ်ပုံတင်ထားသော မသန်စွမ်းအားကစားသမားများစာရင်းအရ မသန်စွမ်းအိုလံပစ်ကဲ့သို့သောပြိုင်ပွဲများအတွက် လေ့ကျင့်ပေးခြင်း၊ မသန်စွမ်းသူများအတွက် အထူးအားကစားကွင်းများနှင့် အပန်းဖြေကဏ္ဍများ ဖန်တီးပေးခြင်းဖြင့် ၎င်းတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ပါသည်။

**သဘာဝဘေးအန္တရာယ်နှင့်ပြန်လည်ထူထောင်ရေးကဏ္ဍ**။ သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများကြုံတွေ့ရချိန်တွင် မသန်စွမ်းသူများသည် အထိခိုက်လွယ်ဆုံးအခြေအနေတွင်ရှိသူများဖြစ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် မသန်စွမ်းသူများ၏ နေရပ်လိပ်စာနှင့် အမျိုးအစားအချက်အလက်များရှိထားမှသာ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခြင်း၊ အစားအစာနှင့် ဆေးဝါးများ အရေးပေါ်ဖြန့်ဝေခြင်းတို့ကို အချိန်မီ ဦးစားပေးလုပ်ဆောင်နိုင်ပါမည်။ ဘေးဒဏ်သင့်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်း မသန်စွမ်းသူများ၏ လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ပါသည်။

**မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်မှု**

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ အခန်း ၁၁ နှင့် နည်းဥပဒေ (၂၀၁၇) အခန်း ၂ တို့တွင် "မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း" လုပ်ထုံးလုပ်နည်းများကို တိကျစွာထည့်သွင်းပြဋ္ဌာန်းထားပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် ၂၆ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ မသန်စွမ်းသူ ၈၈၇၄ ဦးအား မသန်စွမ်းသူမှတ်ပုံတင်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းသည် မသန်စွမ်းသူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို မှတ်တမ်းတင်ထားရုံမျှသာမဟုတ်ဘဲ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် လိုအပ်သည့် ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အခြားဝန်ဆောင်မှုများကို အမှန်တကယ်ရရှိခံစားနိုင်စေရန် အခြေခံအရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ နှင့် နည်းဥပဒေ ၂၀၁၇ တို့၏ ရည်ရွယ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ သက်ဆိုင်ရာအစိုးရဌာနများ၏ တာဝန်သာမက မသန်စွမ်းသူများကိုယ်တိုင်၊ မိသားစုဝင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကလည်း မိမိတို့၏ အခန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် ပြည်သူ့တာဝန်တစ်ရပ်ဖြစ်ပါသည်။

**"မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်း"** ကို အုပ်ချုပ်ရေးလုပ်ငန်းတစ်ခုအဖြစ်သာမမြင်ဘဲ မသန်စွမ်းသူများ၏ အခွင့်အရေးများ အမှန်တကယ်ရရှိခံစားနိုင်ရေးအတွက် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ရမည့် အခွင့်အရေးအခြေပြုလုပ်ငန်းစဉ်တစ်ရပ်အဖြစ် နားလည်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းဖော်ပြလိုက်ပါသည်။

သို့ဖြစ်၍ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းသည် ရိုးရှင်းသောကတ်ပြားတစ်ခုထုတ်ပေးသည့် လုပ်ငန်းစဉ်တွင် မဟုတ်ပါ။ ၎င်းသည် အစိုးရ၏တာဝန်ခံမှုရှိသော အုပ်ချုပ်ရေးယန္တရားနှင့် အများပြည်သူ၏တက်ကြွသော လူမှုရေးအင်အားစုနှစ်ရပ်ပေါင်းစည်းကာ မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ပန်းတိုင်များကို အသက်သွင်းနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် မသန်စွမ်းသူများနှင့် အုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို ရဲရဲဝံ့ဝံ့ရယူကာ မှတ်ပုံတင်ခြင်းလုပ်ငန်းတွင် တက်ကြွစွာပါဝင်ကြရန်လိုအပ်သလို ပြည်သူများအနေဖြင့်လည်း ခိုင်မာသောတာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းလက်တွဲကူညီပံ့ပိုးပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ အစိုးရနှင့်ပြည်သူ အပြန်အလှန် ယုံကြည်ကိုးစားကာ ပူးပေါင်းဆောင်ရွက်မှသာ **"မည်သူတစ်ဦးတစ်ယောက်မျှ နောက်ချန်မထားခဲ့သော"** မျှတကာ သာယာလှပသော လူ့အဖွဲ့အစည်းတစ်ရပ်ကို အတူတကွ တည်ဆောက်နိုင်မည်ဖြစ်ပါတော့သည်။ ။

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**
၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင်**“အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး”** တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အနာဂတ်ပန်း” ညွန့်ဝင်း+အေဝမ်းတင်တင်လှ သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လှပတဲ့ အနာဂတ်ဆီသို့” မေဆွိ သီချင်းဖြင့် လည်းကောင်း မျိုးချစ်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို နိုးကြားရှင်သန်စေပြီး နိုင်ငံနှင့် လူမျိုးအပေါ် ချစ်မြတ်နိုးတန်ဖိုးထားစိတ်များ ပိုမိုခိုင်မာလာစေနိုင်သည့် သီဆိုဟန်များဖြင့် စိတ်အားထက်သန်စွာ ယှဉ်ပြိုင်သီဆိုကြသည်။




ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “ဝိဓူရ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ကောင်းစစ်ဟိန်းဇာတ်သဘင်အဖွဲ့ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

**“ကဗျာလွတ်” အက**ပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာခံစားချက်တို့ကို ပေါင်းစပ်တင်ဆက်ကာ မိမိတို့၏ အကပညာစွမ်းရည်ကိုပြသ၍ လည်းကောင်း၊ **“ကချင်တိုင်းရင်းသားရိုးရာအက” အလွတ်တန်းပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အကလှုပ်ရှားမှုများမှတစ်ဆင့် ကချင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် စုပေါင်းညီညွတ်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေသည့် ရိုးရာအကပညာ၏ အနှစ်သာရကို ပေါ်လွင်အောင်ပြသ၍ လည်းကောင်း ယှဉ်ပြိုင်ကပြကြသည်။

**အရေးပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆောင်းဦးဟေမန်” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မွေးမေမေ”ခေါင်းစဉ်ဖြင့်လည်းကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးယှဉ်ပြိုင်ကြသည်။

**“စောင်း” အတီးပြိုင်ပွဲ** ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ရှိ နီလာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှန်းရွှန်းမြ” (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝိဇ္ဇာတောလား” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်္ဂလာသီရိ”(ဘွဲ့) သီချင်းဖြင့်လည်းကောင်း စောင်းအတီးပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်ပြသ၍ သံစဉ်အတက်အကျနှင့် အနိမ့်အမြင့်တို့ကို စည်းချက်ညီညီ ပေါင်းစပ်ဖော်ကျူးကာ မိမိတို့၏ အနုပညာစွမ်းရည်နှင့် တီးခတ်မှုပညာရပ်များကို ဖော်ထုတ်တင်ဆက်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းဝိုင်းကြီး တစ်ဦးချင်း အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကြောက်ဖွယ့်ဘုန်းတန်း” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တာသစ်ကယ်လေကူး” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်



ပတ္တလား အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဖူးဖူးစံ၏ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြမန်းဂီရိ”(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာဆိုင်းဝိုင်း၏ ထူးခြားလှသောသံစဉ်များ၊ စည်းချက်ဝါးချက် ညီညွတ်မှုတမှုနှင့် တီးခတ်မှုအနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ပြသကြသည်။

**ပတ္တလားပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထိပ်တင်ဇော်” (ဝတ်တော်သိမ်း) သီချင်းဖြင့် ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**အိုးစည် အတီးပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဒိုးပတ် အတီးပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဒုံမင်း အတီးပြိုင်ပွဲ**ကို နေပြည်တော် တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင်တနင်္သာရီတိုင်းဒေသကြီး၊

*စာမျက်နှာ ၉ သို့*




အရေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် ပါဝင်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆို အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မဟာန်ပြည့်ပြည့်ငြိမ်း ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၈ မှ*

ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲဝင်များနှင့် **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုန်းမိုးရွာစွေသွန်းဖြန်း" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဇယန်နှင့် နှုန်းငြား" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထန်းရွက်ပုတီး" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် **မယ်ဒလင်အတီးပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အန္တရာယ်ကင်း" ဂီတာဦးစိမ်းမောင် သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ညောင်သဇ္ဇာ" ခင်ခင်ညွန့်သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် **အခြေခံပညာအဆင့်**




ဒိုးပတ်အတီး ဝါသနာရှင်အဆင့်( ပထမတန်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစန်းကြိုင်(ခ)လမင်းနှင့်အဖွဲ့ မြူးကြွဖြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်စဉ်။

**(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာဖြန်းမှ လန်းဆန်းမယ်" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်မှုစွမ်းရည်နှင့် အနုပညာဖန်တီးနိုင်စွမ်းတို့ကို အစွမ်းကုန်ပြသယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲ**တွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး ပြိုင်ပွဲ**ကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ**တွင် "ဝိဓုရ" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ကောင်းစစ်ဟိန်းဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော အနုပညာပညာရပ်များနှင့် အကအလှများကို အချိုးညီညီ ပေါင်းစပ်၍ လည်းကောင်း၊ ဇာတ်ကောင် တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေ အသံထားနှင့် သရုပ်ဆောင်ပီပြင်မှုတို့ဖြင့်လည်းကောင်း အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့်မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံး၏ ရင်ထဲတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး စသည့် မူဝါဒရည်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရိုးရာယဉ်ကျေးမှုတွေကို မပျောက်ပျက်အောင် ကိုယ်ကိုယ်တိုင်ကစပြီး ထိန်းသိမ်းဖို့လိုသလို မိဘတွေအနေနဲ့လည်း ကိုယ့်ရဲ့သားငယ်သမီးငယ်လေးတွေကို ငယ်စဉ်ကတည်းက သင်ကြားပေးဖို့လိုပါတယ်

**မနှင်းဝေနိုင်**

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကြီးကို ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -

**မနှင်းဝေနိုင်**
**(မွန်ပြည်နယ်ကိုယ်စားပြု)**
**အရေးပြိုင်ပွဲအဆင့်မြင့်ပညာ**

အရေးပြိုင်ပွဲဝင်တာ ကျွန်မအတွက် ပွဲဦးထွက်ပထမဆုံးပြိုင်ပွဲဖြစ်ပါတယ်။ ပထမဆုံးယှဉ်ပြိုင်တာဆိုတော့ အနည်းနဲ့အများတော့ အခက်အခဲရှိပေမယ့် ကိုယ်ရဲ့ခံစားချက်ကိုသီချင်းမှာပုံဖော်ရေးသားရတဲ့အတွက် အားရကျေနပ်မှုရှိပါတယ်။ အကောင်းဆုံးယှဉ်ပြိုင်ခဲ့တဲ့အတွက် အကောင်းဆုံးရမယ်လို့မျှော်မှန်းပါတယ်။ ကိုယ့်ရဲ့ရိုးရာယဉ်ကျေးမှုတွေကို မပျောက်ပျက်အောင် ကိုယ်ကိုယ်တိုင်ကစပြီး ထိန်းသိမ်းဖို့လိုသလို မိဘတွေအနေနဲ့လည်း ကိုယ့်ရဲ့သားငယ်သမီးငယ်လေးတွေကို ငယ်စဉ်ကတည်းက သင်ကြားပေးဖို့လိုပါတယ်။ ဒါမှသာ ကျွန်မတို့နိုင်ငံရဲ့ယဉ်ကျေးမှုဟာ အစွန့်ရှည်တည်တံ့နေမှာဖြစ်ပါတယ်။ ကျွန်မကို သင်ကြားပြသပေးခဲ့တဲ့ ဆရာသမားတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မရွှန်းလဲ့မိုး**
**မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု**
**အဆင့်မြင့်ပညာအဆင့် ဒုံမင်းပြိုင်ပွဲဝင်**

ဒုံမင်းပညာကို ၂၀၂၂ ခုနှစ်ကတည်းက စတင်လေ့လာဆည်းပူးခဲ့တာပါ။ အဖေက စန္ဒရားပညာရှင်ဖြစ်ပြီး အဘိုးကတော့ ဒုံမင်းပညာရှင်ဖြစ်ပါတယ်။ ကျောင်းမှာလည်း စန္ဒရားမေဂျာယူထားပါတယ်။ စန္ဒရားနဲ့ ဒုံမင်းက note တွေတူတယ်၊ လက်ကွက်တွေတူတယ်။ အဲဒါဆိုတော့ လေ့လာရတာမြန်တယ်။ တအားသင်ယူရတာမရှိပါဘူး။ သဘောပေါက်လွယ်တယ်။ လေ့ကျင့်ရေးစခန်းမှာတော့ တစ်လလောက် လေ့ကျင့်ခဲ့ရတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို အရင်ကလည်း ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ အရင်ကတော့ ဒုံမင်းနဲ့မဟုတ်ပါဘူး။ အခုတစ်ကြိမ်မှ ဒုံမင်းနဲ့ ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အရင်က ကျေးလက်ယိမ်းအကနဲ့ ရွှေတံဆိပ်၊ ငွေတံဆိပ်တွေလည်းရခဲ့ပါတယ်။ အခုလိုမျိုးပြိုင်ပွဲတွေကျင်းပပေးတာကောင်းပါတယ်။ မြန်မာနိုင်ငံရဲ့ ရိုးရာအမွေအနှစ်လည်း ဖြစ်တယ်။ မြန်မာ့ယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းပေးရာ



မနှင်းဝေနိုင်



မရွှန်းလဲ့မိုး



မသက်မာအေး



မဇွန်မိုးစံ

လည်းရောက်ပါတယ်။ ဒုံမင်းက တီးတဲ့လူရှားသွားပါပြီ။ ဒီလိုပြိုင်ပွဲတွေ လုပ်ပေးမှ လာပြိုင်တဲ့လူလည်းရှိတယ်။ ကိုယ့်ရဲ့အနုပညာအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းရာလည်း ရောက်ပါတယ်။

**မသက်မာအေး**
**အခြေခံပညာ(၁၅-၂၀)**
**အတီး (ဒုံမင်း) ပြိုင်ပွဲဝင်**

ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ လာရောက်ယှဉ်ပြိုင်တာ ငါးကြိမ်ရှိပါပြီ။ အရင်ကတော့ အဆိုပြိုင်ပွဲတွေမှာ ဝင်ရောက်ပြီးတော့ ယှဉ်ပြိုင်ခဲ့တာပါ။ ဆုတံဆိပ်တွေလည်း ရရှိခဲ့ပါတယ်။ ဒုံမင်း (အတီး)ပြိုင်ပွဲမှာ ယှဉ်ပြိုင်တာကတော့ သုံးကြိမ်မြောက်ပါ။ (၂၆)ကြိမ်မြောက် အခြေခံပညာ (၁၀-၁၅) အတီး (ဒုံမင်း)ပြိုင်ပွဲမှာ ငွေတံဆိပ်ရရှိခဲ့ပါတယ်။ ဒုံမင်းပညာကို တကယ်နှစ်သက်ပါတယ်။ ဝါသနာပါလွန်းလို့ ဒီအဆင့်ထိရောက်အောင် ကြိုးစားခဲ့ပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ အနုပညာအပေါ်မှာ ပေါ့ဆတဲ့စိတ်နဲ့ မယူဆစေချင်ပါဘူး။ ဗဟိုအဆင့်ပြိုင်ပွဲကြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ဘယ်လောက်ထိကြိုးစားခဲ့ရတယ်ဆိုတာကို ပြိုင်ပွဲဝင်တွေသာ အသိဆုံးဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

**မဇွန်မိုးစံ**
**ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ (အခြေခံပညာ ၁၀-၁၅)**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊



မကောင်းကင်ဗိုလ်



စိုင်းကိုကို

အတီးပြိုင်ပွဲကြီးမှာ မြမန်းဂီရိသီချင်းနဲ့ယှဉ်ပြိုင်ခဲ့ပါတယ်။ အမှားအယွင်းမရှိ တီးခတ်ယှဉ်ပြိုင်ဖျော်ဖြေခဲ့ပါတယ်။ ပြိုင်ပွဲဝင်နေတယ်ဆိုတဲ့ စိတ်ခံစားချက်မျိုးထက် အနုပညာကို တန်ဖိုးထားပြီး ရသကိုခံစားကာ တီးခတ်ခဲ့တာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ (၂၆) ကြိမ်မြောက် ပြိုင်ပွဲကြီးမှာ ဒုတိယဆုရရှိထားပါတယ်။ ကျွန်မအသက် ငါးနှစ်ကတည်းက ဆိုင်းပညာကို စတင်သင်ယူခဲ့ပါတယ်။ ကျွန်မဘဝအသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုဆိုလည်း မှန်ပါတယ်။ အသက်ခုနစ်နှစ်ကစပြီး ဆိုင်းမင်းသမီးလေး ဇွန်မိုးစံဆိုပြီး ဗလာဆိုင်းခေါင်းဆောင်အနေနဲ့ တီးခတ်ပြီး အသက်မွေးဝမ်းကျောင်းပြုပါတယ်။ ဒီပြိုင်ပွဲကြီးကိုကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကို အထူးကျေးဇူးတင်ရှိပါတယ်။ လာမယ့်နှစ်မှာလည်း ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။

*စာမျက်နှာ ၁၀ သို့*

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ စတုတ္ထနေ့ ပုံရိပ်များ



ဆိုင်းဝိုင်းကြီး တစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မချစ်ခွန်းချို တီးခတ်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - ဟိန်းထက်ဇော် ၊ နိုင်လင်းကြည်



အိုးစည်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ကိုဇင်မျိုးထက်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - ဟိန်းထက်ဇော် ၊ နိုင်လင်းကြည်



အရေးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်မျိုးသူအောင် ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - ဟိန်းထက်ဇော် ၊ နိုင်လင်းကြည်



ပတ္တလားအတီး အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ နန်းဖူးပွင့်ကိုကို တီးခတ်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - ဟိန်းထက်ဇော် ၊ နိုင်လင်းကြည်



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေး တေးသီချင်း အဆို အခြေခံပညာအဆင့်အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသျှန်ယွန်းဖြူ ယှဉ်ပြိုင်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၉ မှ*

**မကောင်းကင်ဗိုလ်**
**ပတ္တလားပြိုင်ပွဲ (အခြေခံပညာ ၁၅-၂၀)**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်မက Grade -11 တက်ရောက်နေပါတယ်။ အစက အတန်းပညာရေးကြောင့် မပြိုင်တော့ဘူး နားလိုက်မယ်ဆိုပြီး ဆုံးဖြတ်ထားပြီးမှ အနုပညာဗီဇကတားမရတာနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ဖို့ ဆိုင်းပညာကို အချိန်သုံးလလေ့ကျင့်တဲ့အချိန်မှာ အတန်းပညာရေးဘက်ကိုလည်း လစ်ဟင်းမှုမရှိရလေအောင် ကြိုးစားသင်ယူခဲ့ရပါတယ်။ ကျွန်မအသက် ငါးနှစ်ကတည်းက ဆိုင်းပညာကို လေ့လာဆည်းပူးခဲ့တာ ဖြစ်ပါတယ်။

(၂၅) ကြိမ်မြောက်မှာ ရွှေတံဆိပ်ဆုဆွတ်ခူးထားပါတယ်။ (၂၆) ကြိမ်မှာတော့ ငွေတံဆိပ်ရခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရွှေတံဆိပ်ဆု ပြန်လည်ရရှိရမယ်ဆိုတဲ့ခံယူချက်နဲ့ အစွမ်းကုန်လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်ထားပါတယ်။ ကျွန်မအနေနဲ့ နောင်နှစ်ပေါင်းများစွာအထိ မြန်မာ့ယဉ်ကျေးမှုအနုပညာတွေကို တန်ဖိုးထားထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်လေးတွေကိုလည်း သင်ပြ၊ ပို့ချပေးဖို့အထိ ခံယူထားပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စိုင်းကိုကို**
**အိုးစည်ပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်း**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့နှစ်က ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ကျွန်တော့်ဆရာ ဦးကိုနိုင်ဆီကပညာသင်ယူပြီး ဘယ်ညာတံတောင်တွေ လှိုင်လှိုင်သုံးပြီး မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ဘက်တိုင်းဒေသကြီးနဲ့ ပြည်နယ်က အိုးစည်အဖွဲ့သားတွေကလည်း ကောင်းကောင်းလက်စွမ်းပြတီးခတ်ကြတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

အိုးစည်၊ ဒိုးပတ် ပညာကိုသင်ယူတဲ့အခါ ဖွဲကောင်းဖို့တော့လိုပါတယ်။ လွယ်ပြီးတီးရတဲ့အတွက် အလွန်ပင်ပန်းပါတယ်။ ဒီပင်ပန်းမှုတွေကိုလည်း သည်းခံနိုင်ရမယ်။ စိတ်ဝင်စားမှုလည်းရှိရမယ်။ ဝါသနာလည်းပါရမယ်။ အဲဒီအချက်တွေ မပြည့်စုံဘူးဆိုရင် အိုးစည်တီးခတ်နိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် ယဉ်ကျေးမှုအမွေတွေ မပျောက်ပျက်ရအောင် ကျွန်တော်တို့ကနေတစ်ဆင့် နောက်မျိုးဆက်သစ် လူငယ်တွေကို အိတ်သွန်ဖာမှောက် လက်ဆင့်ကမ်းသင်ပြပေးသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။



မန္တလေးတိုင်းဒေသကြီး ကဗျာလွတ်အကအဖွဲ့။

**မောင်လှစိုး အဆင့်မြင့်ပညာအဆင့်**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**
**အတီး(မယ်ဒလင်) ပြိုင်ပွဲဝင်**

အခုပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်တာကတော့ လေးကြိမ်မြောက်ရှိပါပြီ။ မယ်ဒလင်အပြင် ဆိုင်းအဖွဲ့လိုက်၊ အိုးစည်အဖွဲ့လိုက်ပြိုင်ပွဲတွေမှာလည်း ယှဉ်ပြိုင်ဖူးပါတယ်။ ဆုတံဆိပ်တွေလည်း ရရှိခဲ့ဖူးပါတယ်။ (၂၆)ကြိမ်မြောက်မှာ မယ်ဒလင်နဲ့ ငွေတံဆိပ်ရခဲ့ပါတယ်။ ဝါသနာပါတာကတော့ အဆိုကိုပါ။ အခုမယ်ဒလင်ပြိုင်ပွဲဝင်ဖို့အတွက် ကြိုတင်ပြင်ဆင်ချိန်တော့ သိပ်မရခဲ့ပါဘူး။ ဒါပေမယ့်လည်း ကြိုးစားပြီးတော့ယှဉ်ပြိုင်ခဲ့ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတာဆိုလို့ အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေမှာပဲတွေ့ရတာပါ။ ဘာပဲဖြစ်ဖြစ် မြန်မာ့ရိုးရာ အမွေအနှစ်တွေကို ပြန်လည်ဖော်ထုတ်ပေးတဲ့ပွဲကြီးဖြစ်လို့ အများကြီးဂုဏ်ယူပါတယ်။ အခုလိုကျင်းပပေးတဲ့အတွက် ဝမ်းလည်းသာပါတယ်။



မောင်လှစိုး (အဆင့်မြင့်ပညာအဆင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု) မယ်ဒလင် ပြိုင်ပွဲဝင်

**မန္တလေးတိုင်းဒေသကြီး ကဗျာလွတ်အကအဖွဲ့ (အခြေခံပညာ ၁၀-၁၅)**

ကျွန်မတို့က မနှစ်က ကျေးလက်ယိမ်းမှာ ယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့မှာ Grade 6, 7 , 8 တို့နဲ့ ဖွဲ့စည်းထားပါတယ်။ နှစ်လကျော်လောက်လေ့ကျင့်ခဲ့ပြီး အခုယှဉ်ပြိုင်တဲ့အခါမှာလည်း ကျေနပ်အားရမှုရှိပါတယ်။ ကျွန်မတို့အဖွဲ့အနေနဲ့ ဒီထက်ပိုပြီးတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းသွားပါမယ်။ အခုလို လာရောက်ယှဉ်ပြိုင်ရတဲ့အတွက်လည်း အများကြီးဝမ်းသာရပါတယ်။

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ-ဟိန်းဇော်မင်း**

# စိုက်ပျိုးစီးပွား (Agro-based) နိုင်ငံတော်ဆီသို့ စနစ်တကျခြေလှမ်းခြင်းနှင့် အာမခံချက်ရှိသော စိုက်ပျိုးရေးစနစ် ပီပြင်စွာဖြစ်ထွန်းရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံ (Agro-based Country) တစ်ခုဖြစ်သည်နှင့်အညီ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုနှင့် နိုင်ငံတော်၏ အစားအစာ လုံခြုံစိတ်ချရမှုတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် အဓိက ထောက်တိုင်ကြီးအဖြစ် တည်ရှိနေပါသည်။

**သက်ဇော်**

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စိုက်ပျိုးစီးပွားကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျ ဦးတည်ချက်များချမှတ်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် စိုက်ပျိုးရေးကဏ္ဍ အထူးသဖြင့် အမျိုးသားရေးဆိုင်ရာ ပဓာနသီးနှံဖြစ်သော စပါး/ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် ရေရှည်ခိုင်မာသော စီးပွားရေးအဆောက်အအုံ ဖြစ်ထွန်းလာစေရန်အတွက် “အာမခံချက်ရှိသော စိုက်ပျိုးရေးစနစ်” အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။

> ❝ Warehouse Receipt Financing **စနစ်ဆိုသည်မှာ တောင်သူများက ထွက်ရှိလာသော သီးနှံများကို စနစ်တကျအသိအမှတ်ပြုထားသော ဂိုဒေါင်များတွင် သိုလှောင်ထားပြီး ရရှိလာသည့် ဂိုဒေါင်ပြေစာကို အာမခံထား၍ ဘဏ်/ ဘဏ္ဍာရေးအဖွဲ့အစည်းများထံမှ လိုအပ်သောငွေကြေးကို အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်သော စနစ်ဖြစ်ပါသည်။ အဆိုပါစနစ်ပေါ်ထွန်းလာပါက တောင်သူများသည် သီးနှံပေါ်ချိန်တွင် ဈေးနှိမ်၍ အလျင်စလို ရောင်းချရန် မလိုတော့ဘဲ ဈေးကွက်တည်ငြိမ်ပြီး အကျိုးအမြတ်ကောင်းမွန်သည့်အချိန်မှသာ သီးနှံများကို ထုတ်ယူရောင်းချနိုင်မည်** ❞

တောင်သူလယ်သမားများသည် ခေတ်အဆက်ဆက် စိုက်ပျိုးချိန်မှစ၍ သီးနှံထွက်ရှိချိန်အထိ အမျိုးမျိုးသော စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်ဖြတ်ကြရပါသည်။ ယင်းသို့ ကြုံတွေ့ရာတွင် ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှု၊ ပိုးမွှားကျရောက်မှုနှင့် ဆိုင်ကလုန်းမုန်တိုင်း စသည့် မမျှော်မှန်းနိုင်သော သဘာဝဘေးများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးရခြင်း၊ စိုက်ပျိုးစရိတ်နှင့် သီးနှံဆုံးရှုံးမှု - သီးနှံများ ပျက်စီးသွားသည့်အခါ စိုက်ပျိုးစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှုအားလုံး ဆုံးရှုံးရပြီး တောင်သူများအနေဖြင့် နာလန်ပြန်ထူရန် အလွန်ပင်ခက်ခဲလှပါသည်။

ထို့ပြင် စိုက်ပျိုးစရိတ် သုံးစွဲထားရသော်လည်း ထွက်ရှိချိန်တွင် ထိခိုက်ဆုံးရှုံးသွားပါက ကြွေးမြီထပ်မံတင်ရှိပြီး မျိုးဆက်တစ်ခုမှတစ်ခုသို့ ဆင်းရဲဒုက္ခများ လက်ဆင့်ကမ်းသွားတတ်ပါသည်။ ဤသို့သော ပျက်စီးဆုံးရှုံးမှုများမှ တောင်သူများ၏ ဘဝကို အကာအကွယ်ပေးရန် သီးနှံအာမခံစနစ် (Crop Insurance System) ပါဝင်သည့် အာမခံချက်ရှိသော စိုက်ပျိုးရေးစနစ် ပေါ်ထွန်းလာရေးသည် မဖြစ်မနေ လိုအပ်လျက်ရှိပါသည်။

သီးနှံဈေးကစားမှုများနှင့် Warehouse Receipt Financing စနစ်၏ အရေးပါပုံအား တင်ပြရမည်ဆိုပါက စိုက်ပျိုးချိန်တွင် သဘာဝဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့သည့်တိုင် သီးနှံပေါ်ချိန် ရောက်ရှိပါက သီးနှံဈေးကစားမှုများနှင့် ရင်ဆိုင်ရပြန်သည်။ သီးနှံများ တစ်ပြိုင်နက်တည်း ထွက်ရှိချိန်တွင် ကုန်သည်များနှင့် ပွဲစားများ၏ ဈေးကွက်ကစားမှုကြောင့် ဈေးနှုန်းကျဆင်းခြင်း၊ တောင်သူအများစု စိုက်ပျိုးစရိတ်ကြွေးမြီ ပေးဆပ်ရန်နှင့် လူမှုစီးပွား လိုအပ်ချက်များကြောင့် ထွက်ရှိလာသော စပါးများကို ဈေးနည်းနည်းဖြင့် ချက်ချင်းရောင်းချလိုက်ရခြင်း၊ အမြတ်အစွန်းနည်းပါးခြင်း၊ ရိတ်သိမ်းချိန်လွန်မှ ဈေးနှုန်းမြင့်တက်သွားသော်လည်း ထိုအကျိုးအမြတ်သည် တောင်သူများထံ မရောက်ရှိဘဲ ပွဲစားနှင့် ကုန်သည်များထံသို့သာ ရောက်ရှိသွားသဖြင့် တောင်သူများသည် ဆင်းရဲသည့်အခြေအနေမှ မရုန်းထွက်နိုင်ဖြစ်နေကြရပါသည်။ ဤကဲ့သို့ အခက်အခဲအား ဖြေရှင်းရန်အတွက် Warehouse Receipt Financing (ဂိုဒေါင်ပြေစာ အပေါင်ခံချေးငွေစနစ်)ကို အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

**Warehouse Receipt Financing စနစ် ဆိုသည်မှာ တောင်သူများက ထွက်ရှိလာသော သီးနှံများကို စနစ်တကျအသိအမှတ်ပြုထားသော ဂိုဒေါင်များတွင် သိုလှောင်ထားပြီး ရရှိလာသည့် ဂိုဒေါင်ပြေစာကို အာမခံထား၍ ဘဏ်/ ဘဏ္ဍာရေးအဖွဲ့အစည်းများထံမှ လိုအပ်သောငွေကြေးကို အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်သော စနစ်ဖြစ်ပါသည်။ အဆိုပါ စနစ်ပေါ်ထွန်းလာပါက တောင်သူများသည် သီးနှံပေါ်ချိန်တွင် ဈေးနှိမ်၍ အလျင်စလို ရောင်းချရန် မလိုတော့ဘဲ ဈေးကွက်တည်ငြိမ်ပြီး အကျိုးအမြတ်ကောင်းမွန်သည့် အချိန်မှသာ သီးနှံများကို ထုတ်ယူရောင်းချနိုင်မည်ဖြစ်ပါသည်။**

ဆက်လက်၍ စိုက်ပျိုးထုတ်လုပ်မှုမှသည် စားသုံးသူထံ ရောက်ရှိသည်အထိ လမ်းကြောင်းတစ်ခုလုံးကို စနစ်တကျချိတ်ဆက်ပေးနိုင်သည့် ကုန်စည်စီးဆင်းမှု ကွင်းဆက်ကို ခိုင်မာအောင် တည်ဆောက်ရန် လိုအပ်ပါသည်။ လက်ရှိအချိန်တွင် တောင်သူနှင့် စားသုံးသူ/ အဓိက ဝယ်ယူသူများ အကြား ပွဲစားအဆင့်ဆင့် အဆင့်များပြားလွန်းသဖြင့် တောင်သူက ဈေးနည်းနည်းရရှိပြီး စားသုံးသူက ဈေးကြီးကြီး ပေးဝယ်နေရပါသည်။ သို့ဖြစ်ရာ တိုက်ရိုက်ဈေးကွက်ရရှိရေး၊ ဂိုဒေါင်များတွင် သိုလှောင်ထားစဉ်ကာလအတွင်း ကုန်စည်များကို စက်ရုံများ၊ ပြည်ပတင်ပို့သူများနှင့် စားသုံးသူဈေးကွက်များသို့ တိုက်ရိုက်ချိတ်ဆက်ရောင်းချနိုင်မည့် အခွင့်အလမ်းကို တည်ဆောက်ပေးရမည်ဖြစ်ပါသည်။

သို့မှသာ စနစ်တကျသိုလှောင်ခြင်း၊ အဆင့်အတန်း ခွဲခြားခြင်းနှင့် အစိုဓာတ်ထိန်းသိမ်းခြင်း စသည်တို့ ဆောင်ရွက်နိုင်သဖြင့် သီးနှံအရည်အသွေးကောင်းမွန်ကာ ဈေးကွက်တွင် ပိုမိုမြင့်မားသော တန်ဖိုးကို ရရှိမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ ကြီးမားကျယ်ပြန့်သောစနစ်များ အကောင်အထည်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်၍ သက်ဆိုင်ရာ ကဏ္ဍစုံ ပါဝင်သော “အာမခံချက်ရှိသော စိုက်ပျိုးရေးစနစ် အကောင်အထည်ဖော်ရေး ဦးဆောင် ကော်မတီ အဖွဲ့” ကို ဖွဲ့စည်းဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

ဦးဆောင်အဖွဲ့တွင်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်သင့်ပြီး အစိုးရဌာနများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများ၊ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်၊ ဗဟိုဘဏ်၊ ပုဂ္ဂလိကဘဏ်များနှင့် အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများ၊ တောင်သူလယ်သမားအဖွဲ့အစည်းများ၊ တောင်သူလယ်သမားဘဝ မြှင့်တင်ရေးအသင်းအပါအဝင် ကိုယ်စားပြုအသင်းအဖွဲ့များ၊ စိုက်ပျိုးရေးပညာရှင်များ၊ စီးပွားရေး ပညာရှင်များနှင့် ဥပဒေပညာရှင်များ ပူးပေါင်းပါဝင်သင့်ပါသည်။

အထက်ပါစနစ်များ အမှန်တကယ် သက်ဝင်လှုပ်ရှား စနစ်တကျလည်ပတ်နိုင်ရန်အတွက် ခိုင်မာသော ဥပဒေနှင့် နည်းဥပဒေမူဘောင်များ ပြဋ္ဌာန်းပေးရန် အရေးကြီးလှပါသည်။

ထို့ပြင် သဘာဝဘေးကြောင့် ပျက်စီးသွားသည့် သီးနှံများအတွက် အာမခံလျော်ကြေးရရှိနိုင်ရေး၊ သီးနှံ အာမခံစနစ်ကို တရားဝင် အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများ အမြန်ဆုံးထုတ်ပြန်နိုင်ရေး၊ အပ်ကုန်စနစ်နှင့် ဘဏ္ဍာရေးစနစ်ဥပဒေ၊ ဂိုဒေါင်ပြေစာများ၏ တရားဝင် ခိုင်မာမှု၊ သိုလှောင်ရုံများ၏ စံချိန်စံညွှန်းအသိအမှတ်ပြုမှု၊ တောင်သူများနှင့် ဘဏ်များအကြား ချေးငွေအာမခံချက်ပေးနိုင်မည့် ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းရေး၊ ဘဏ်များက ရင်းနှီးမတည်ငွေ စိုက်ထုတ်ပေးခြင်း၊ အာမခံကုမ္ပဏီများက သဘာဝဘေးနှင့် ရင်းနှီးမြှုပ်နှံမှုအန္တရာယ်ကို အာမခံပေးခြင်း စသည့် Win-Win Situation စနစ်ကို တည်ဆောက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍသို့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်ဖြစ်ပါသည်။

**ယင်းဖြစ်စဉ်အား ခြုံငုံသုံးသပ်ရပါက နိုင်ငံတော်မှ ရည်မှန်းဆောင်ရွက်နေသော Agro-based Country (စိုက်ပျိုးရေးကို အခြေခံသော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ) ဖြစ်လာစေရန်ဆိုသည်မှာ တောင်သူများ၏ လက်ဝယ်တွင် အမြတ်အစွန်းကျန်ရှိပြီး စိုက်ပျိုးရေးသည် အာမခံချက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အားကောင်းလာမှသာလျှင် အကောင်အထည်ပေါ်လာမည်ဖြစ်ပါသည်။**

တောင်သူများ၏ အနာဂတ်စီးပွားဖွံ့ဖြိုးမှုအတွက် သီးနှံအာမခံစနစ်၊ Warehouse Receipt Financing စနစ်နှင့် ခိုင်မာသော Supply Chain စနစ်တို့ကို ဥပဒေအကာအကွယ်ပေး၍ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာမည်ဖြစ်ပြီး နိုင်ငံတော်၏ အခြေခံစီးပွားရေးမဏ္ဍိုင်သည်လည်း ရေရှည်ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော် ရေးသားအပ်ပါသည်။ ။

## တံတားဦးမြို့၌ ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား ချေးငွေများထုတ်ချေး

**တံတားဦး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ



ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား ချေးငွေထုတ်ပေးခြင်းကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ဆန်းလင်းတို့က ချေးငွေထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ချေးငွေများ ထုတ်ချေးပေးခဲ့သည်။

တံတားဦးမြို့နယ်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါသီးနှံစိုက်ပျိုးသည့် ကျေးရွာများဖြစ်သည့် ငါးဇင်ရိုင်ကျေးရွာနှင့် ချောင်းပတ်ကျေးရွာတို့မှ ဝါစိုက်ပျိုးသည့် ဧကပေါင်း ဧက ၄၀၀၊ တောင်သူပေါင်း ၁၇၂ ဦးအား တစ်ဧကလျှင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



ဘိုကလေးမြို့နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်များကြောင့် ရေရှားပါးနိုင်သည့် ကျေးရွာများသို့ သောက်သုံးရေ ပြတ်လပ်ရှားပါးမှုမရှိစေရေးအတွက် အောက်တိုဘာ ၂၃ ရက်က သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်နှင့်အဖွဲ့က ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ မိုးစက်(ဘိုကလေး)

# အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုဖောက်ပြန်မှုများနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာရင်ဆိုင်တုံ့ပြန်နိုင်ရေး အသိပညာပေးဆွေးနွေး



**မကွေး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး၌ ရေအရင်းအမြစ်များ စနစ်တကျ သုံးစွဲဆောင်ရွက်နိုင်ရေး၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုဖောက်ပြန်မှုများနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး သက်ဆိုင်ရာကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အယ်လ်နီညိုဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ရေရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ကြိုတင်ပြင်ဆင် ထားရှိမှုများကို အသိပညာပေးဆွေးနွေးကြရာ တက်ရောက်လာကြသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများထံ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

နံနက်ပိုင်းကလည်း မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား တိုင်းပြည်သူ့ဆေးရုံကြီး အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသပေးနေမှု၊ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား ဆန်၊ ဆီ၊ ကြက်ဥတို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတွင်နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား အခမဲ့ဆေးကုသခြင်းအစီအစဉ်ကို လစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည့် ခရိုင် /မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အချိုရည်၊ မုန့်နှင့် သောက်ရေသန့်ဘူးများ ဝေငှပေးခဲ့ပြီး ဆေးရုံကြီးအတွင်း တိုးချဲ့ (၅) ထပ်ဆောက်တည်ဆောက်ရေးလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၇၉/၀ – ၈၀ ကြား (ဖလမ်းမြို့အဝင်) လမ်းသားနိမ့်ကျနေသည့်နေရာတွင် ကျောက်ရောမြေဖိကြိတ်ခြင်းလုပ်ငန်းဆောင်ရွက်

**ဖလမ်း အောက်တိုဘာ ၂၄**

ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၇၉/၀ – ၈၀ ကြား (ဖလမ်းမြို့အဝင်) လမ်းသားနိမ့်ကျနေသည့်နေရာတွင် ကျောက်ရောမြေဖိကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်၊ ချင်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်တို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီဇိုင်းမှန်ကန်စွာဖြင့် ဆောင်ရွက်ရေး၊ တောင်ပြိုမှုကြောင့် လမ်းပိတ်ဆို့မှုမဖြစ်စေရေး၊ စက်ယာဉ်ယန္တရားများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရေး၊ တောင်ပြိုကျမှုအား ကာကွယ်နိုင်ရန်အတွက် ဒီဇိုင်းတွက်ချက်ဆောင်ရွက်သွားရေး မှာကြားသည်။



အလားတူ နံနက်ပိုင်းကလည်း ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်နေအိမ်၊ သင်တန်းခန်းမ၊ (၆) ခန်းတွဲဝန်ထမ်းအိမ်ရာ၊ သင်တန်းသားအိပ်ဆောင် ပြုပြင်ပြီးစီးမှု၊ မြန်မာ့လယ်ယာ စီးပွားရေးဘဏ် အဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ချယ်ရီခန်းမဆောင်ပြုပြင်ခြင်းလုပ်ငန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းခန်းမနှင့် ပစ္စည်းဂိုဒေါင် ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အဆောက်အအုံပြုပြင်ခြင်း လုပ်ငန်းများပြီးစီးပါက ဆောက်လုပ်ရေး စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရန်၊ အဆောက်အအုံပတ်ဝန်းကျင် ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်ရန်၊ ဆယ်တင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စီမံဆောင်ရွက်ရန်၊ ပြုပြင်ပြီးစီးသည့် အဆောက်အအုံများတွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းများ နေထိုင်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ယနေ့နံနက်ပိုင်းက ကျင်မွာလ်ရပ်ကွက် မြို့ရှောင်ကွင်းလမ်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စနေနေ့စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှု၊ ဖလမ်းမြို့ လုံပီးရပ်ကွက် စိုက်ပျိုးရေးသိပ္ပံ(လုံပီး) ကျောင်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရေးနှင့် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန လုံပီးစိုက်ပျိုးရေးခြံသို့ ရောက်ရှိရာ လုံပီးခြံတာဝန်ခံက စိုက်ပျိုးရေးခြံလက်ရှိအခြေအနေနှင့် ယခင်နှစ်ရှည်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ခြံအတွင်း လမ်းများကောင်းမွန်စွာ ပြန်လည်ပြုပြင်ရေး၊ စိုက်ပျိုးထားသော နှစ်ရှည်သီးနှံများ မပျက်စီးရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရေး၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ဆောင်ရွက်နိုင်ရေး မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**လယ်ဝေး အောက်တိုဘာ ၂၄**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး



ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက သပြေပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းငွေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှု များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ရပ်ရွာအတွင်း လိုအပ်ချက်များကို မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည် ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ညောင်တုန်းမြို့နယ်တွင် အယ်လ်နီညို ဖြစ်ပေါ်လာပါက ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသော ဝါးတောစွန်းကျေးရွာ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ပေ ၂၀ ရှိအမြင့်တင်ရေစင်(ရေစက်ရုံ) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၂၂ ရက်က တွေ့ရစဉ်။ တေဇာလင်း

စာပေမြင့်မှ လူမျိုးတင့်မည်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဌာနဆိုင်ရာများ စုပေါင်း၍ အောက်တိုဘာ ၂၄ ရက်တွင် ထားဝယ်ဘိုးဘွားရိပ်သာဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး စဉ်။ ခရိုင်(ပြန်/ဆက်)



တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏။

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံမှ သြဝါဒခံယူရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ပညာရေးဘွဲ့ ၅ နှစ်



သင်တန်းအမှတ်စဉ်(၈)မှ ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူ ၁၈၁ ဦးတို့သည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခဲ့သည်။ အောက်တိုဘာ ၂၄ ရက် နံနက် ပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ တွင် ပြုလုပ်ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲတေးသီချင်းဆိုပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

ယနေ့ ပထမပြိုင်ပွဲအဖြစ် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၂၅မိနစ်တွင် မြန်မာအသင်းမှအားကစားသမားများဖြစ်ကြသည့် ဆုမွန်အောင်(သားသား)က ယူကရိန်းအားကစားသမားနှင့်လည်းကောင်း၊ ဖြူဖြူသန်း (သန်းသန်း)က ဘရာဇီးအားကစားသမားနှင့်လည်းကောင်း၊ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ခင်နှင်းဝေ(အာနိုး)က ထိုင်းကစားသမားနှင့် လည်းကောင်း စတင်ယှဉ်ပြိုင်ခဲ့သည်။

ဆက်လက်၍ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဆုမွန်အောင်(သားသား)က ချက်နိုင်ငံ အားကစားသမားနှင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဖြူဖြူသန်း (သန်းသန်း)က အီရတ် အားကစားသမားနှင့်လည်းကောင်း၊ ခင်နှင်းဝေ(အာနိုး)က ရုရှားနိုင်ငံမှ ကစားသမားနှင့်လည်းကောင်း ဒုတိယပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း ဒုတိယပြိုင်ပွဲ ပွဲစဉ်အဖြစ် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ဆုမွန်အောင် (သားသား)က ရိုမေးနီးယား အားကစားသမားနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ခင်နှင်းဝေ(အာနိုး)က ဂျပန်အားကစားသမားနှင့်လည်းကောင်း၊ ဖြူဖြူသန်း(သန်းသန်း)က ပြင်သစ်အားကစားသမားနှင့်လည်းကောင်း၊ ခင်နှင်းဝေ(အာနိုး)သည် ရုရှားကစားသမားနှင့်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ့တက်ဂ်ဘော လက်ရွေးစင်အသင်းအနေဖြင့် Teqball Tour Si Racha 2026 ပြိုင်ပွဲသည် FITEQ Teqball Tour ပြိုင်ပွဲကြီးဖြစ်၍ World Ranking မြင့်သည့် ကမ္ဘာ့ထိပ်သီးနိုင်ငံများမှ အားကစားသမားများနှင့် ရင်ဆိုင်ပြီး ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်ကောင်းများရရှိအောင် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ယနေ့အထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့်အမျိုးသား လုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**

✻*ကျောဖုံးမှ*

အယ်လာ၊ ဂျီဗစ်တို့ကို အဆင့်ဆင့်ကျော်ဖြတ်နိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် ရီဘာကီနာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ရပြီ ဖြစ်သည်။ ရီဘာကီနာသည် ဗိုလ်လုပွဲတွင် ကနေဒါထိပ်တန်းတင်းနစ်မယ် လေလာ ဖာနန်ဒက်စ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဖာနန်ဒက်စ်သည် ဆီမီးဖိုင်နယ်တွင် ချက်ဇ်တင်းနစ်မယ် ဘူးဇ်ကိုဗာကို ၆ – ၃၊ ၇ – ၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲတက်လှမ်းလာသူဖြစ်သည်။

**အောင်ဇော်**

## ကာတွန်း



❍*ကျောဖုံးမှ*

မနီလာဒစ်ဂါအသင်းသည် သုံးပွဲကစား ရမှတ် ၇ မှတ်ဖြင့် အုပ်စု(E) အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်ကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့ပြီး ရမှတ် ၄ မှတ်ရရှိထားသည့် ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ရန် တရုတ်(တိုင်ပေ)ကလပ် နယူးတိုင်ပေစီးတီး ဟန်ယွမ်အသင်း ပွဲစဉ်ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–AFC**

❈ *ကျောဖုံးမှ*

ပဒေသာကွင်း၌ ရန်ကုန်စီးတီးအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁) နေရာကို တက်ရောက်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၅၄ မိနစ်တွင် သန်းတိုးအောင်၊ ၈၁ မိနစ်တွင် အဗ်ဒူကာရင်ဆမ်ဘ်နှင့် နာကျင်အချိန်ပို ၉၀+၅ မိနစ်တွင် ရိုဒရီဂွက်စ်တို့က သွင်းယူပေးခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် အိုင်ဆက်ကွမ်ဆာက သွင်းယူပေးခဲ့သည်။ AYA Pay အကောင်းဆုံးကစားသမားဆုကို ရန်ကုန်စီးတီးအသင်းမှ မြတ်ကောင်းခန့်က ရရှိခဲ့သည်။

ပုသိမ်မြို့ ကျောက်တိုင်ကွင်း၌ ရတနာပုံအသင်းက အိမ်ရှင်ရောဝတီယူနိုက်တက်အသင်းကို ငါးဂိုး – တစ်ဂိုးဖြင့် အနိုင်ယူခဲ့ပြီး အဆင့်(၃)နေရာကို တက်ရောက်ခဲ့သည်။ ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးများကို ပွဲချိန် ၃၄ မိနစ်တွင် ဂျိုအာအို ဗစ်တာ၊ ၄၀ မိနစ်တွင် ထက်ဖြိုးဝေ၊ ၇၂ မိနစ်တွင် ဒေါ် ဆန်တို့စ်၊ ၈၅ မိနစ်တွင် ဖြိုးခန့်ငြိမ်းနှင့် ၈၈ မိနစ်တွင် ဆွန်လမ်မန်းတို့က သွင်းယူပေးခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းမှ ပထမပိုင်းပွဲချိန် ၄၅+၃ မိနစ်တွင် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးထပ်မံမသွင်းနိုင်ဘဲ ပွဲပြီးချိန်တွင် ရတနာပုံအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay အကောင်းဆုံးကစားသမားဆုကို ရတနာပုံကွင်းလယ်ကစားသမား ဂျိုအာအိုဗစ်တာက ရရှိခဲ့သည်။

အပတ်စဉ်(၅) ဒုတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၅ ရက်တွင် သီဟဒီပကွင်း၌ ဒဂုံစတားယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း၊ သန်လျင်စတားစီးတီးကွင်း၌ ချင်းလန်းအသင်းနှင့် မြဝတီအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–ML**

❖ *ကျောဖုံးမှ*

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၅ မိနစ်တွင် သူရမောင်၊ ၂၈ မိနစ်တွင် အောင်လ (ပယ်နယ်တီ)နှင့် ၃၂ မိနစ်တွင် စိုင်းခမ်းစိုးတို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် ယခုနိုင်ပွဲကြောင့် အုပ်စု (W) တွင် တစ်ပွဲကစား၊ တစ်ပွဲနိုင်၊ ရမှတ် သုံးမှတ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်နေသည်။

မြန်မာယူ–၁၅ အသင်းသည် အုပ်စု (W) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ဂါနာအသင်း၊ ညပိုင်းတွင် ဘဟားမားစ်အသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**



ရေဦးမြို့နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှု၊ မီးလန့်မှုများနှင့် မိုးခေါင်ရေရှားမှု မဖြစ်ပွားစေရေး ရေဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူရ ဦးဆောင်၍ တာဝန်ရှိသူများက အောက်တိုဘာ ၂၀ ရက်က မြို့ပေါ်ရပ်ကွက်များရှိ မြေအောက်ရေအဝီစိစက်ရေတွင်းများ တပ်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# ဩစတြေးလျ၌ ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့်လေဆိပ်ကို ဒေါ်လာ ၇ သန်း ထပ်မံထောက်ပံ့ အဆင့်မြှင့်တင်မည်

**ကင်ဘာရာ အောက်တိုဘာ ၂၄**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ဆိုးရွားသည့် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့သော ကလွန်ကာရီလေဆိပ်ကို ပြန်လည်အဆင့်မြှင့်တင်နိုင်ရန် အမေရိကန်ဒေါ်လာ ၇ သန်း ထပ်မံထောက်ပံ့ပေးမည်ဟု ဩစတြေးလျအစိုးရက အောက်တိုဘာ ၂၄ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါရန်ပုံငွေကို ကွင်းစလန်းပြည်နယ် အနောက်မြောက်ပိုင်းရှိ ကလွန်ကာရီလေဆိပ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။ ယင်းသို့ အဆင့်မြှင့်တင်ခြင်းဖြင့် ပုံမှန်ခရီးသည်တင် လေကြောင်းခရီးစဉ်များ ဆက်လက်ပြေးဆွဲနိုင်မည် ဖြစ်သကဲ့သို့ အနီးအနားရှိ သတ္တုတူးဖော်ရေးလုပ်ငန်းခွင်များသို့ သွားလာရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးသုံးဦး၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါလေဆိပ်သည် ၂၀၂၅ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၂၆ ခုနှစ် အစောပိုင်းကာလများတွင် ရေလွှမ်းမိုးမှုဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည်။

ထပ်မံထောက်ပံ့ပေးမည့် ရန်ပုံငွေသည် အရေးပေါ်လေကြောင်း ဆေးဘက်ဆိုင်ရာ ပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများအပါအဝင် အရေးပါသည့် ဝန်ဆောင်မှုများကို လေဆိပ်မှတစ်ဆင့် ဆက်လက်ပံ့ပိုးပေးနိုင်ရေး အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသန္တရ အစိုးရဝန်ကြီး ကက်သရင်းကင်းက ပြောကြားခဲ့သည်။



ကလွန်ကာရီလေဆိပ်သည် ဒေသတွင်းသတ္တုတူးဖော်ရေး လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းတို့အတွက် အရေးပါသော သယ်ယူပို့ဆောင်ရေးအချက်အချာတစ်ခုဖြစ်သည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်မြောက်ပိုင်း၌ အမေရိကန်ဒေါ်လာ ၂၂ သန်းတန် ရွှေတူးဖော်ရေးစီမံကိန်း စတင်

**ကဘူးလ် အောက်တိုဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ် ကာလာအီးဇယ်ခရိုင်၌ အမေရိကန်ဒေါ်လာ ၂၂ သန်းတန်ဖိုးရှိ ရွှေတူးဖော်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း တရားဝင် ဘက်ခ်ထာ သတင်းအေဂျင်စီက အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

စတုရန်းကီလိုမီတာ ခြောက်ကီလိုမီတာ ကျယ်ဝန်းသည့် အဆိုပါစီမံကိန်းကို ငါးနှစ်သက်တမ်းရှိ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုထားပြီး စီမံကိန်းသည် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။

ထို့ပြင် အစိုးရ၏ အခွန်ဘဏ္ဍာဝင်ငွေ တိုးမြှင့်လာစေမည့်အပြင် ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း ရာနှင့်ချီ၍ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ရွှေတူးဖော်ရေးလုပ်ငန်းများသည် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အလုပ်အကိုင်အခွင့်အလမ်းများမှတစ်ဆင့် လူပေါင်းတစ်သိန်းကျော်၏ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ အထူးသဖြင့် နိုင်ငံမြောက်ပိုင်းရှိ ဘာဒက်ရှန်နှင့် တက်ခ်ဟာပြည်နယ်တို့၌ သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ **ဆင်ဟွာ**

# ဖင်လန်နိုင်ငံက သုံးစွဲပြီးနျူကလီးယားလောင်စာ အပြီးသတ်စွန့်ပစ်သိုလှောင်ရေးစက်ရုံ လည်ပတ်ခွင့်ပြု

**ဟဲလ်ဆင်ကီ အောက်တိုဘာ ၂၄**

ဖင်လန်နိုင်ငံသည် ရေဒီယိုသတ္တိကြွမှုမြင့်မားသည့် နျူကလီးယား စွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာ စီမံခန့်ခွဲနိုင်ရေးအတွက် သုံးစွဲပြီးနျူကလီးယားလောင်စာများကို အပြီးသတ်စွန့်ပစ်သိုလှောင်မည့် ကမ္ဘာ့ပထမဆုံးစက်ရုံကို လည်ပတ်ခွင့်ပြုလိုက်ကြောင်း အစိုးရက အောက်တိုဘာ ၂၂ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါစက်ရုံသည် ဖင်လန်နိုင်ငံ အနောက်တောင်ပိုင်း အော်လ်ကီလူအိုတိုကျွန်းရှိ မြေအောက်အနက် မီတာ ၄၀၀ ကျော်တွင် တည်ရှိသည်။

စက်ရုံကို နိုင်ငံအတွင်းရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသော သုံးစွဲပြီး နျူကလီးယားလောင်စာများကို အပြီးသတ်စွန့်ပစ်သိုလှောင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။ သက်ဆိုင်ရာတာဝန်ရှိသူများက စက်ရုံသည် ဘေးကင်းလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း အတည်ပြုထားသည်။

စက်ရုံကို လည်ပတ်ခွင့်ပြုလိုက်ပြီဖြစ်သော်လည်း လက်တွေ့လုပ်ငန်းများ စတင်နိုင်ရန်အတွက် နျူကလီးယားနှင့် ရေဒီယိုသတ္တိကြွမှုဆိုင်ရာ ဘေးကင်းလုံခြုံရေးအာဏာပိုင်အဖွဲ့ (STUK) ၏ နောက်ဆုံးစစ်ဆေးမှုကို ခံယူရဦးမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်နေသည့် Posiva ကုမ္ပဏီသည် သုံးစွဲပြီး နျူကလီးယားလောင်စာများကို ရေရှည်ဘေးကင်းစွာ အပြီးသတ်စွန့်ပစ် သိုလှောင်နိုင်ရေးအတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နျူကလီးယားစွန့်ပစ်ပစ္စည်း အချို့တွင် ရေဒီယိုသတ္တိကြွမှုသည် နှစ်ပေါင်းတစ်သိန်းခန့်အထိ ဆက်လက်တည်ရှိနိုင်သဖြင့် ယင်းပစ္စည်းများကို ရေရှည်ဘေးကင်းစွာ ထိန်းသိမ်းစွန့်ပစ်နိုင်ရေးသည် အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဂရိနိုင်ငံ၌ အသက် ၁၅ နှစ်အောက် ကလေးများ လူမှုကွန်ရက်အသုံးပြုခွင့် လာမည့်နှစ်တွင် ပိတ်ပင်မည်

**အေသင် အောက်တိုဘာ ၂၄**

ဂရိလွှတ်တော်သည် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ အသက် ၁၅ နှစ်အောက် ကလေးများ လူမှုကွန်ရက်မီဒီယာ အသုံးပြုခြင်းကို ပိတ်ပင်မည့် ဥပဒေကြမ်းကို အတည်ပြုလိုက်ကြောင်း ဂရိမီဒီယာများက အောက်တိုဘာ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါဥပဒေအရ လူမှုကွန်ရက်ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများသည် အသုံးပြုသူများ၏အသက်ကို စိစစ်အတည်ပြုနိုင်သည့် နည်းလမ်းများကို မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။ သတ်မှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာရန်ပျက်ကွက်သည့် ကုမ္ပဏီများသည် ကမ္ဘာတစ်ဝန်း နှစ်စဉ်ရရှိသည့် ဝင်ငွေ၏ ခြောက်ရာခိုင်နှုန်းအထိ ဒဏ်ငွေ ပေးဆောင်ရနိုင်သည်။

အဆိုပါဥပဒေသည် အန္တရာယ်ရှိသော အွန်လိုင်းအကြောင်းအရာများ၊ ဆိုက်ဘာအနိုင်ကျင့်မှုနှင့် လူမှုကွန်ရက်ကို အလွန်အကျွံအသုံးပြုစေရန် တွန်းအားပေးသည့် အကြောင်းအရာများမှ ကလေးများကို ကာကွယ်ရန်ရည်ရွယ်သည့် အစိုးရ၏ကျယ်ပြန့်သော ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ ဂရိနိုင်ငံသည် ယင်းကဲ့သို့တားမြစ်ချက်ကို အကောင်အထည်ဖော်မည့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနက် ပထမဆုံးနိုင်ငံဖြစ်လာရန် ရည်ရွယ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# အမေရိကန်၌ ဝက်သက်ရောဂါ အတည်ပြုလူနာ ၄၅၀၀ ကျော်လာခဲ့ပြီး ယမန်နှစ်ကထက် နှစ်ဆကျော် မြင့်တက်

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံ၌ ၂၀၂၆ ခုနှစ်အတွင်း ဝက်သက်ရောဂါ အတည်ပြုလူနာ ၄၅၈၈ ဦးအထိ ရှိလာပြီး ယင်းပမာဏသည် ၂၀၂၅ ခုနှစ်အတွင်း တွေ့ရှိခဲ့သည့် လူနာအရေအတွက်ထက် နှစ်ဆကျော်များပြားလာကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (CDC) ၏ အောက်တိုဘာ ၂၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

### နိုင်ငံအတွင်း ကူးစက်ခံရသူများဖြစ်

အတည်ပြုလူနာများအနက် ၄၅၇၀ မှာ အမေရိကန်နိုင်ငံအတွင်း ကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၈ ဦးမှာ နိုင်ငံတကာမှ လာရောက်လည်ပတ်သူများဖြစ်ကြောင်း CDC က ဖော်ပြထားသည်။

### လူနာ ၄၇၉ ဦး ဆေးရုံတက်ကုသ

အသက်ငါးနှစ်မှ ၁၉ နှစ်အတွင်းရှိ ကလေးများနှင့် ဆယ်ကျော်သက်များတွင် ကူးစက်မှုအများဆုံးဖြစ်ပြီး ယင်းအသက်အုပ်စုမှ လူနာများသည် အတည်ပြုလူနာစုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် လူနာ ၄၇၉ ဦးမှာ ဆေးရုံတက်ရောက်၍ ကုသမှုခံယူခဲ့ရသည်။

### ၉၆ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးမထိုးရသေးသူများဖြစ်

ရောဂါကူးစက်ခံရသူများအနက် ၉၆ ရာခိုင်နှုန်းမှာ ဝက်သက်ကာကွယ်ဆေးမထိုးရသေးသူများသို့မဟုတ် ကာကွယ်ဆေးထိုးထားခြင်း ရှိ၊ မရှိ အတည်မပြုနိုင်သေးသူများဖြစ်ကြောင်း CDC ၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်၌ လေယာဉ်နှစ်စင်း ပျက်ကျမှုကြောင့် လေယာဉ်မှူးလေးဦး သေဆုံး

**မနီလာ အောက်တိုဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံ ဘာတန်ဂတ်စ်ပြည်နယ် လီပါမြို့ရှိ ဖာနန်ဒိုလေတပ်စခန်း၌ အောက်တိုဘာ ၂၃ ရက်က SF-260 အမျိုးအစား လေ့ကျင့်ရေးလေယာဉ်နှစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးလေးဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်လေတပ် (PAF) က အောက်တိုဘာ ၂၄ ရက်တွင် အတည်ပြုခဲ့သည်။

လေယာဉ်နှစ်စင်းသည် အောက်တိုဘာ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅၁ မိနစ်တွင် လေ့ကျင့်ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်လေတပ်က ပြောကြားခဲ့သည်။



လေယာဉ်ပျက်ကျမှု၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ဘေးကင်းလုံခြုံရေးအရ SF-260 အမျိုးအစား လေယာဉ်အားလုံး၏ ပျံသန်းမှုကို ယာယီရပ်နားထားကြောင်း သိရသည်။

SF-260 သည် ဖိလစ်ပိုင်လေတပ်တွင် လေယာဉ်မှူးများ လေ့ကျင့်ရေးအတွက် အသုံးပြုသည့် အပေါ့စားလေယာဉ်အမျိုးအစားဖြစ်သည်။ ယခုနှစ် မေ ၂၀ ရက်ကလည်း ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း ဘင်ဂက်ပြည်နယ်၌ SF-260 လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ ရာဝယ်လ်ပင်ဒီခရိုင်၌ သွေးလွန်တုပ်ကွေးလူနာ ၇၀ အထိရှိလာ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၄**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ရာဝယ်လ်ပင်ဒီခရိုင်တွင် သွေးလွန်တုပ်ကွေးရောဂါ အတည်ပြုလူနာသစ် သုံးဦးထပ်မံတွေ့ရှိခဲ့ရာ ပြီးခဲ့သည့်နှစ်လအတွင်း အတည်ပြုလူနာစုစုပေါင်း ၇၀ အထိ ရှိလာကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ရာဝယ်လ်ပင်ဒီခရိုင်အတွင်းရှိ ဆေးရုံများ၌ လက်ရှိတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံထားရသူ ကိုးဦး ဆေးကုသမှုခံယူလျက်ရှိကြောင်း ခရိုင်ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအရာရှိ ဂျာဝပ်ဇာ ဟစ်က ပြောကြားခဲ့သည်။

လူနာသစ်များ ထပ်မံတွေ့ရှိလာသည့်အတွက် သက်ဆိုင်ရာအာဏာပိုင်များသည် ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် ကွင်းဆင်းစောင့်ကြည့်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ခရိုင်အရေးပေါ်တုံ့ပြန်ရေးကော်မတီကလည်း ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကွင်းဆင်းစောင့်ကြည့်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအားကောင်းစွာဆောင်ရွက်ကြရန် သက်ဆိုင်ရာ ဌာနများအား ညွှန်ကြားထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် စာကြည့်တိုက်များ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အပါအဝင် မြို့နယ်(၄) မြို့နယ်ရှိ ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် စာကြည့်တိုက်များ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခို အောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများ စသည့်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အိန္ဒိယနိုင်ငံ၌ကျင်းပပြုလုပ်သော အိန္ဒိယ-မြန်မာတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးဘောလုံးအဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၄**

အိန္ဒိယ – မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက် ခိုင်မာလာစေရန်အတွက် အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်သော ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် သိန်းနိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ဘောလုံးအဖွဲ့သည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်လေဆိပ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ပြည့်စုံလင်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ချစ်ကြည်ရေးဘောလုံးအဖွဲ့တွင် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ စုစုပေါင်း ၃၀ လိုက်ပါသွားပြီး အိန္ဒိယတပ်မတော်မှ ဘောလုံးအသင်းများနှင့် အောက်တိုဘာ ၂၁ ရက်တွင် ပွဲစဉ် (၁) အဖြစ် လည်းကောင်း၊ ၂၃ ရက်တွင် ပွဲစဉ် (၂)အဖြစ်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့အပြင် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ဘောလုံးအဖွဲ့သည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အိန္ဒိယနိုင်ငံ Bengaluru မြို့ရှိ Iskcon Temple၊ Nandroling Monastery၊ Mysore Palace နှင့် မြို့တွင်းရှိ အခြား အထင်ကရနေရာများသို့ သွားရောက် လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျ နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများ အသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၄ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၉ ပေသာ ကျန်ရှိတော့သဖြင့် ၁၆ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရှိရသည်။



ထို့အပြင် တမံဆင်ခြေလျှောနိမ့်ကျမှု ဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့တစ်မြို့ ရေရှည်တည်တံ့ဖို့ ဘာတွေလိုအပ်သလဲ

ဝေဖြိုးအောင်

**ယနေ့ခေတ်ကာလတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် မြို့ပြများတွင် နေထိုင်လျက်ရှိပြီး လာမည့်ဆယ်စုနှစ်များအတွင်း ဤရာခိုင်နှုန်းသည် ဆက်လက်မြင့်တက်လာမည်ဖြစ်ပါသည်။ လျင်မြန်သော မြို့ပြချဲ့ထွင်မှုသည် စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေသော်လည်း အခြားတစ်ဖက်တွင် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ သယံဇာတခန်းခြောက်မှုနှင့် လူမှုရေးမညီမျှမှုများကို ကြီးမားစွာ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော မြို့ပြတည်ဆောက်ရေးသည် ခေတ်သစ်မြို့ပြစီမံကိန်းရေးဆွဲသူများနှင့် အုပ်ချုပ်ရေးယန္တရားများအတွက် မဖြစ်မနေအကောင်အထည်ဖော်ရမည့် မဟာဗျူဟာတစ်ရပ် ဖြစ်လာပါသည်။**

၁၉၈၇ ခုနှစ် Brundtland ကော်မရှင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အနာဂတ်မျိုးဆက်သစ်များ၏ လိုအပ်ချက်များကို ထိခိုက်နစ်နာစေခြင်းမရှိဘဲ ပစ္စုပ္ပန်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။ ဤသဘောတရားကို မြို့ပြစီမံခန့်ခွဲမှုတွင် အသုံးချရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေး တရားမျှတမှုဟူသော မဏ္ဍိုင်ကြီးသုံးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ်အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် (UN SDG 11) သည် ရေရှည်တည်တံ့သောမြို့ပြများ တည်ဆောက်ရေးကို တိုက်ရိုက်ရည်ညွှန်းထားပါသည်။ မြို့တစ်မြို့ ရေရှည်တည်တံ့ရန်အတွက် ခိုင်မာသော အခြေခံအဆောက်အအုံ၊ ထိရောက်သော အုပ်ချုပ်မှုစနစ်နှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ လိုအပ်ပါသည်။



မိုးရေများကို လျင်မြန်စွာ စုပ်ယူသိုလှောင်နိုင်သော မြို့ပြပန်းခြံများ၊ ရေစိမ့်ဝင်နိုင်သော လမ်းခင်းကျောက်များဖြင့် မြို့ပြရေကြီးရေလျှံမှုနှင့် အပူချိန်မြင့်မားမှုကို ထိန်းချုပ်ထားပုံ။

### ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြပတ်ဝန်းကျင်

မြို့တစ်မြို့ ရေရှည်တည်တံ့ရေးအတွက် အရေးကြီးဆုံး အခြေခံအုတ်မြစ်တစ်ခုမှာ ထိုမြို့တွင်နေထိုင်ကြသော ပြည်သူလူထု၏ ကျန်းမာရေးနှင့် သာယာဝပြောရေးပင်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းသည် ပြည်သူ့ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ စနစ်တကျမရှိသော မြို့ပြချဲ့ထွင်မှုများသည် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် အမှိုက်သရိုက်ပြဿနာများကို ဖြစ်ပေါ်စေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် ကူးစက်ရောဂါများကို ဆိုးရွားစွာခံစားရစေပါသည်။ ရေရှည်တည်တံ့သော မြို့ပြတစ်ခုတွင် သန့်ရှင်းသော လေထုနှင့် အရည်အသွေးပြည့်ဝသော သောက်သုံးရေကို နိုင်ငံသားတိုင်း လက်လှမ်းမီရရှိရန် အာမခံချက်ရှိရပါမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ လေထုအတွင်းရှိ အမှုန်အမွှားများ ($PM_{2.5}$ နှင့် $PM_{10}$) ပါဝင်မှုနှုန်းကို စဉ်ဆက်မပြတ် စောင့်ကြည့်တိုင်းတာ၍ စက်ရုံအလုပ်ရုံများနှင့် မော်တော်ယာဉ်များမှ ဓာတ်ငွေ့ထုတ်လွှတ်မှုကို တင်းကျပ်စွာ ထိန်းချုပ်ရမည်ဖြစ်ပါသည်။

ထို့ပြင် မြို့ပြနေပြည်သူများ၏ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာသော သွေးတိုး၊ ဆီးချို၊ နှလုံး စသည့်မကူးစက်နိုင်သော ရောဂါများကို လျှော့ချရန်အတွက် မြို့ပြဒီဇိုင်းကို ပြင်ဆင်ရပါမည်။ လမ်းလျှောက်ချင်စရာကောင်းသော လူသွားလမ်းစင်္ကြံများ၊ စက်ဘီးစီးလမ်းများနှင့် အများပြည်သူ ကိုယ်လက်လေ့ကျင့်ခန်းလုပ်နိုင်မည့် ပန်းခြံများကို ရပ်ကွက်တိုင်းတွင် ဖန်တီးပေးခြင်းဖြင့် ရောဂါဘယကင်းဝေးပြီး ကျန်းမာကြံ့ခိုင်သော မြို့ပြလူ့ဘောင်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်ကို လျှော့ချနိုင်ခြင်းသည် မြို့ပြ၏ စီးပွားရေးကိုပါ ရေရှည် တည်တံ့စေပါသည်။

### သဘာဝဂေဟစနစ်နှင့် မြို့ပြအစိမ်းရောင် နယ်မြေများ

ရေရှည်တည်တံ့သော မြို့ပြများသည် ကွန်ကရစ်တောသက်သက်မဟုတ်ဘဲ သဘာဝတရားနှင့် သဟဇာတဖြစ်အောင် ပေါင်းစပ်တည်ဆောက်ထားသောနေရာများဖြစ်ပါသည်။ မြို့ပြအစိမ်းရောင် အခြေခံအဆောက်အအုံဆိုသည်မှာ သစ်ပင်များ၊ ပန်းခြံများ၊ ရေကန်များနှင့် မြို့ပြသစ်တောများကို စနစ်တကျ ထိန်းသိမ်းဖန်တီးထားခြင်းကို ဆိုလိုပါသည်။ အစိမ်းရောင်နယ်မြေများသည် မြို့ပြ၏ အဆုတ်အဖြစ် လုပ်ဆောင်ပေးပါသည်။ ယင်းတို့သည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးခြင်း၊ အောက်ဆီဂျင်ထုတ်လွှတ်ပေးခြင်းနှင့် မြို့ပြအပူလှိုင်းကို သိသာစွာ လျှော့ချပေးခြင်း စသည့်အကျိုးကျေးဇူးများကို ပေးစွမ်းပါသည်။ သုတေသနများအရ သစ်ပင်အုပ်ဆိုင်းသော လမ်းများသည် ကွန်ကရစ်လမ်းများထက် အပူချိန် ၂ ဒီဂရီမှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုမိုအေးမြကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် Green Infrastructure သည် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးပြီး ငှက်များနှင့် သဘာဝပိုးမွှားများ မှီတင်းနေထိုင်ရာ ဂေဟစနစ်ကို အသက်ဆက်ပေးပါသည်။ အဆောက်အအုံအသစ်များ ဆောက်လုပ်ခွင့်ပြုရာတွင် ခြံဝင်းအတွင်း သစ်ပင်စိုက်ပျိုးရမည့် ရာခိုင်နှုန်းကို တင်းကျပ်စွာ သတ်မှတ်ပြဋ္ဌာန်းသင့်ပါသည်။ ခေါင်မိုးပေါ်ရှိ စိုက်ခင်းများနှင့် ဒေါင်လိုက်ဥယျာဉ်များကို အားပေးခြင်းဖြင့် မြေနေရာရှားပါးသော မြို့ပြများတွင်ပင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

### စက်ဝိုင်းပုံစီးပွားရေးနှင့် အမှိုက်စီမံခန့်ခွဲမှု

**မြို့ပြတစ်ခု ရေရှည်တည်တံ့ရန်အတွက် အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲမှုသည် အလွန်အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပါသည်။ ရိုးရာစီးပွားရေးပုံစံဖြစ်သော "ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်" စနစ်သည် သယံဇာတများကို အလဟဿ ပြုန်းတီးစေပြီး အမှိုက်ပုံကြီးများကိုသာ ကျန်ရစ်စေပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော မြို့ပြများသည် "စက်ဝိုင်းပုံစီးပွားရေး"မူဝါဒကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ပါသည်။ Circular Economy၏ အဓိကရည်ရွယ်ချက်မှာ အမှိုက်ကို အရင်းအမြစ်တစ်ခုအဖြစ် ပြန်လည်အသုံးချရန်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ထုတ်လုပ်ခြင်းစနစ်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ကျင့်သုံးရမည်ဖြစ်ပါသည်။ အထူးသဖြင့် တစ်ခါသုံး ပလတ်စတစ်များကို တင်းကျပ်စွာတားမြစ်ခြင်းနှင့် အခွန်ကောက်ခံခြင်းများကို ပြုလုပ်ရပါမည်။**

စွန့်ပစ်အမှိုက်များကို အမှိုက်ပုံသို့ တိုက်ရိုက်ပို့ဆောင်ခြင်းထက် အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံများနှင့် ဆွေးမြည့်နိုင်သော အမှိုက်များမှ သဘာဝမြေဆွေးထုတ်လုပ်ခြင်းတို့ကို အကြီးအကျယ် ရင်းနှီးမြှုပ်နှံဆောင်ရွက်သင့်ပါသည်။ ထို့ပြင် အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ်ကို အိမ်ရာများ၊ စက်ရုံများနှင့် ဈေးများတွင် မဖြစ်မနေလုပ်ဆောင်ရန် ဥပဒေပြဋ္ဌာန်းခြင်းသည် မြို့ပြ၏ သန့်ရှင်းရေးနှင့် ရေရှည်တည်တံ့ရေးအတွက် အသက်သွေးကြောပင်ဖြစ်ပါသည်။

### ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးစနစ်သည် မြို့ပြ၏ သွေးကြောများကဲ့သို့ အရေးကြီးပါသည်။ သို့သော် ကိုယ်ပိုင်မော်တော်ယာဉ်များကိုသာ အားပြုသော သယ်ယူပို့ဆောင်ရေးစနစ်သည် ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်တိုက်မှု၊ လေထုညစ်ညမ်းမှုနှင့် ကာဗွန်ထုတ်လွှတ်မှုများကို ကြီးမားစွာ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော မြို့ပြတစ်ခုတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို ဦးစားပေးရမည်ဖြစ်ပါသည်။ ပထမဦးစွာ ဈေးနှုန်းသက်သာပြီး ယုံကြည်စိတ်ချရသော အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များဖြစ်သည့် မြို့ပတ်ရထားများနှင့် အမြန်ဘတ်စ်ကားစနစ်များကို ခေတ်မီအောင် တည်ဆောက်ရပါမည်။ ဤစနစ်များ ကောင်းမွန်လာပါက ပြည်သူများသည် ကိုယ်ပိုင်ယာဉ်အသုံးပြုမှုကို လျှော့ချလာမည်ဖြစ်ပါသည်။ Transit Oriented Development ဟုခေါ်သော ဘူတာရုံနှင့် ဘတ်စ်ကားမှတ်တိုင်များအနီးတွင် လူနေအိမ်ရာများနှင့် စီးပွားရေးဇုန်များကို စုစည်းတည်ဆောက်သည့် စီမံကိန်းမျိုးကို အကောင်အထည်ဖော်သင့်ပါသည်။

ဒုတိယအချက်မှာ ခြေကျင်လျှောက်ခြင်းနှင့် စက်ဘီးစီးခြင်းကဲ့သို့သော Active Mobility ကို အားပေးမြှင့်တင်ခြင်းဖြစ်ပါသည်။ လုံခြုံချောမွေ့သော လူသွားပလက်ဖောင်းများ ဖန်တီးပေးခြင်း၊ သစ်ပင်ရိပ်များစိုက်ပျိုးပေးခြင်းနှင့် သီးသန့်စက်ဘီးစီးလမ်းကြောင်းများ ဖောက်လုပ်ပေးခြင်းတို့သည် မြို့ပြ၏ ကာဗွန်ခြေရာကို လျှော့ချပေးရုံသာမက ပြည်သူလူထု၏ ကျန်းမာရေးကိုပါ များစွာအထောက်အကူပြုပါသည်။

### စွမ်းအင်ချွေတာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်

မြို့ပြများသည် ကမ္ဘာ့စွမ်းအင်သုံးစွဲမှု၏ ၇၀ ရာခိုင်နှုန်းကျော်ကို အသုံးပြုနေပြီး မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ အဓိကအရင်းအမြစ်ဖြစ်ပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော မြို့ပြတည်ဆောက်ရေးတွင် စွမ်းအင်ကဏ္ဍ အကူးအပြောင်းသည် အလွန်အရေးကြီးသော မဏ္ဍိုင်တစ်ခုဖြစ်ပါသည်။ ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အစားထိုးအသုံးပြုရမည်ဖြစ်ပါသည်။ အဆောက်အအုံများသည် စွမ်းအင်အများဆုံး သုံးစွဲသောနေရာများဖြစ်သဖြင့် စိမ်းလန်းသော အဆောက်အအုံစံနှုန်းများကို တင်းကျပ်စွာ ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ သဘာဝအလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်အောင် ဒီဇိုင်းရေးဆွဲခြင်း၊ အပူကာကွယ်ရေးပစ္စည်းများ အသုံးပြုခြင်း၊ စွမ်းအင်ချွေတာသော LED မီးသီးများနှင့် လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်စေရပါမည်။ နိုင်ငံတကာတွင် အသုံးပြုသော LEED (Leadership in Energy and Environmental Design) ကဲ့သို့သော စံနှုန်းများကို မြို့ပြအုပ်ချုပ်ရေးတွင် ပေါင်းစပ်ကျင့်သုံးသင့်ပါသည်။

ထို့ပြင် မြို့ပြအတွင်း လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် ခေါင်မိုးပေါ်တွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများတပ်ဆင်ခြင်းကို အစိုးရမှ အခွန်ကင်းလွတ်ခွင့်များဖြင့် အားပေးအားမြှောက် ပြုလုပ်ရပါမည်။

*(ဆက်လက်ဖော်ပြပါမည်)*

**" မြို့ပြတစ်ခု ရေရှည်တည်တံ့ရန်အတွက် အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲမှုသည် အလွန်အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပါသည်။ ရိုးရာစီးပွားရေးပုံစံဖြစ်သော "ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်" စနစ်သည် သယံဇာတများကို အလဟဿ ပြုန်းတီးစေပြီး အမှိုက်ပုံကြီးများကိုသာ ကျန်ရစ်စေပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော မြို့ပြများသည် "စက်ဝိုင်းပုံစီးပွားရေး"မူဝါဒကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ပါသည်။ Circular Economy၏ အဓိကရည်ရွယ်ချက်မှာ အမှိုက်ကို အရင်းအမြစ်တစ်ခုအဖြစ် ပြန်လည်အသုံးချရန်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ထုတ်လုပ်ခြင်းစနစ်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ကျင့်သုံးရမည်ဖြစ်ပါသည်။ အထူးသဖြင့် တစ်ခါသုံး ပလတ်စတစ်များကို တင်းကျပ်စွာတားမြစ်ခြင်းနှင့် အခွန်ကောက်ခံခြင်းများကို ပြုလုပ်ရပါမည် "**

# ဝိုင်းမော်မြို့နယ်၌ ပြည်သူများနှင့်တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ



**ဝိုင်းမော် အောက်တိုဘာ ၂၄**

ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၂ ရက်က ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ လော်ဝေါ်နှစ်ခြင်း အသင်းတော်ခန်းမ၌ ဌာနဆိုင်ရာများ၊ ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများတွင် ပြည်သူများ၏ အသံနားထောင်၍ မေးခွန်းများ မေးမြန်းခဲ့မှု၊ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိုင်းနားကျေးရွာအုပ်စု လဝမ်ကထောင်နှင့် ဟိုလော်ကျေးရွာများ ရေဝတီမြစ်ရေ တိုက်စားမှုကြောင့် ပြည်နယ်အစိုးရအဖွဲ့က တည်ဆောက်ထားမည့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိုင်းနားကျေးရွာအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**အဆီး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒဂုံရွှေပြည်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၃ ရက်က ဆောင်ရွက်စဉ်။ နေခြည်(ပြန်/ဆက်)

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကြေးတိုင်အင်းများအတွင်း ငါးမျိုးများ စိုက်ထည့်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၄**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကြေးတိုင်အင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းကို အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်သည်။



အဆိုပါ ငါးမျိုးများ စိုက်ထည့်ခြင်းကို မြို့နယ်ကြေးတိုင်အင်းဂရန်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ၊ အင်းသားကြီးများနှင့် ဒေသခံပြည်သူများက ငါးမြစ်ချင်း ငါးသားပေါက်များကို စိုက်ထည့်ပေးပြီး ကျော်ဇံကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အယ်လ်နီညိုဒဏ်မှ ငါးကဏ္ဍကို ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးတို့နှင့် ပတ်သက်၍လည်းကောင်း၊ မွေးမြူရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတို့နှင့်ပတ်သက်၍လည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ရဲကိုမောင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ် ၁၂ ရပ်ကွက်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မင်းနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အောက်တိုဘာ ၂၃ ရက်က ဆောင်ရွက်စဉ်။ ခွန်းဆက်(ပြန်/ဆက်)

# ဇေယျာသီရိမြို့နယ် ကျေးရွာငါးရွာ၌ အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး အသိပညာပေးခြင်းကို အောက်တိုဘာ ၂၂ ရက်က ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါအသိပညာပေးဟောပြောပွဲကို ဇေယျာသီရိမြို့နယ်အတွင်းရှိ ဝင်ပြန်ကျေးရွာ၊ စက်ကုန်းကျေးရွာ၊ ဒိုးပင်ခုံကျေးရွာ၊ ကန်သာအေးကျေးရွာနှင့် ရေဆင်းကျေးရွာတို့၌ ကျင်းပပြီး တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **နော်လူး**



ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးရွှေဘိုပေါ်ဆန်း မျိုးသန့်စိုက်ခင်းအတွင်း ဥကပ်ပါးနဂျီလွှတ်ခြင်း ကွင်းလက်တွေ့သရုပ်ပြသခြင်းကို အောက်တိုဘာ ၂၃ ရက်က ရွှေဘိုမြို့နယ် မြို့မအုပ်စု၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ်ရှိ တောင်သူ ၃၈ ဦး တက်ရောက်ပြီး တောင်သူများအား လက်တွေ့သရုပ်ပြဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ဆင်ပေါင်ဝဲမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၄**

ဆင်ပေါင်ဝဲမြို့နယ်တွင် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဇော်မင်းဦးတို့က တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ၊ အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



ညောင်ဦးမြို့နယ်၌ မဏိစည်သူဈေးနှင့် ပုဂံမြို့သစ်ဈေးကြီးတွင် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၁၉ ရက်က ညောင်ဦးမြို့အတွင်း လူစည်ကားရာနေရာများ၌ ဆောင်ရွက်စဉ်။ ဒီပါလင်း

# ထားဝယ်မြို့၌ မီးဘေးသတိမူရေး အသိပညာပေး

**ထားဝယ် အောက်တိုဘာ ၂၄**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ခြင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းတို့ ဖြစ်ပေါ်လာနိုင်သဖြင့် မီးဘေးအန္တရာယ်ကို အထူးဂရုပြုကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယမန်နေ့က မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဖြိုးကိုကိုအောင် ဦးဆောင်၍ ဇရစ်နယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသိန်းထိုက်စံနှင့် တပ်ဖွဲ့ဝင်များက နေအိမ်နှင့်အရောင်းဆိုင်များတွင် လျှပ်စစ်ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများကို စနစ်တကျအသုံးပြုရန်၊ လျှပ်စစ်မီးအသုံးပြုပြီးပါက ပိတ်ထားရန်၊ မီးဖိုချောင်တွင် ချက်ပြုတ်ပြီးပါက မီးငြိမ်းသတ်ရန်၊ ဓာတ်ငွေ့အိုးများကို လုံခြုံစိတ်ချရသောနေရာတွင် ထားရှိရန်နှင့် မီးလောင်လွယ်သောပစ္စည်းများကို မီးအပူရင်းမြစ်များနှင့် ဝေးရာတွင် ထားရှိရန်တို့ကို အသိပညာပေးဆောင်ရွက်သည်။



ငွေဇင်ယော်(ထားဝယ်)



ဟိုပုံးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကြိုတင်သိရှိကာကွယ်နိုင်စေရန် ဌာနဆိုင်ရာများပူးပေါင်း၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အောက်တိုဘာ ၂၃ ရက်က မြို့မဈေး၌ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## မော်လမြိုင်၌ ဒီဂျစ်တယ်စနစ် အသုံးပြု စားသုံးဆီဖြန့်ဖြူးမှုစနစ် မိတ်ဆက်

**မော်လမြိုင် အောက်တိုဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဒီဂျစ်တယ်စနစ်အသုံးပြု စားသုံးဆီ ဖြန့်ဖြူးမှုစနစ် မိတ်ဆက်ခြင်းကို အောက်တိုဘာ ၂၃ ရက်က Sunshine



Hotel ၌ ပြုလုပ်ရာ မွန်ပြည်နယ် စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီး နိုင်လယိတမက စားသုံးဆီများကို ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ စနစ်တကျ ဖြန့်ဖြူးပေးခြင်းဖြင့် စားသုံးဆီလိုအပ်ချက်နှင့် ဖြန့်ဖြူးမှုအခြေအနေများကို တိကျစွာ ဆောင်ရွက်နိုင်ပြီး လေလွင့်ပြန်းတီးမှုနှင့် မလိုအပ်သောကြန့်ကြာမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး မွန်ပြည်နယ် စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်း ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးတင်အောင်ကျော်က မွန်ပြည်နယ်အတွင်း စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်းနှင့် Capital Connect Co., Ltd. မှ တာဝန်ရှိသူက ဒီဂျစ်တယ်စနစ်ဖြင့် စားသုံးဆီ ဖြန့်ဖြူးမှုစနစ်တို့ကို ရှင်းလင်းတင်ပြခဲ့သည်။

စည်သူ(ပြန်/ဆက်)

## အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းဆောင်ရည်မြှင့်တင်

**ရန်ကုန် အောက်တိုဘာ ၂၄**

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၏ စည်းကြပ်နယ်မြေအတွင်းရှိ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို အောက်တိုဘာ ၂၀ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁)စက်မှုဇုန် ဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ ကျင်းပရာ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အလုပ်သမားရေးရာဥပဒေများ၊ ဥပဒေပါအကျိုးခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အလုပ်သမားရေးရာဆိုင်ရာ အကြောင်းအရာများ သင်ကြားပို့ချသည်။

အဆိုပါသင်တန်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စည်းကြပ်



နယ်မြေရှိ စက်ရုံ၊ အလုပ်ရုံ ၂၈ ရုံမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၅၃ ဦး တက်ရောက်ကြကြောင်း သိရသည်။

နေမျိုးအောင်(ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝါသီးနှံချေးငွေစာချုပ်ချုပ်ဆို၍ ချေးငွေများထုတ်ချေး

**ဝမ်းတွင်း အောက်တိုဘာ ၂၄**

ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံ



ငွေမှ တိုက်ရိုက်ထုတ်ချေးသော ဝါသီးနှံချေးငွေ စာချုပ်ချုပ်ဆိုပွဲနှင့် ချေးငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၂၃ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကနေဒီထွန်းတို့က ဝါသီးနှံချေးငွေစာချုပ်ပါအချက်များနှင့် ချေးငွေထုတ်ချေးမှုနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝါသီးနှံချေးငွေထုတ်ချေးပေးခြင်းကို စီမံကိန်းကျေးရွာ အုပ်စု ၁၇ အုပ်စုမှ တောင်သူ ၁၅၀၆ ဦး၏ ဧက ၆၀၀၀အနက်မှ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ တောင်သူ ၃၇၃ ဦး၏ ဧက ၁၀၀၀ အတွက် ငွေကျပ် သိန်း ၃၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ အသိပညာပေး

**ရေတာရှည် အောက်တိုဘာ ၂၄**

ရေတာရှည်မြို့နယ်၌ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ အသိပညာပေးပွဲကို အောက်တိုဘာ ၂၂ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်လေးနွယ်ထွန်းက အခွန်ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ၊ အခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူများ စုစုပေါင်း ၁၀၀ ခန့်တက်ရောက်ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ် အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ဒက္ခိဏသီရိမြို့နယ်၌ အပူဒဏ်ကြောင့် ရေပြတ်လပ်မှု ကြိုတင်ကာကွယ်ရေး အသိပညာပေး

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကြုံတွေ့ရနိုင်သည့် သောက်သုံးရေရှားပါးပြတ်လပ်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဒေါ်လဲ့လဲ့ဝါနှင့် မြို့နယ်တာဝန်ခံများက ထန်းတပင်ကျေးရွာ၊ ချိုင်းကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာတို့သို့ သွားရောက်၍ ဒေသခံ ကျေးရွာသူ ကျေးရွာသား ၁၂၅ ဦးတို့အား အယ်လ်နီညိုရာသီဥတု၏ သက်ရောက်မှုများ၊ နွေရာသီကာလအတွင်း ရေရှားပါးပြတ်လပ်နိုင်မှု အခြေအနေများနှင့် သောက်သုံးရေ ရေရှည်သုံးစွဲနိုင်ရေး စနစ်တကျခြိုးခြံချွေတာရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏ)

## ရေကြည်မြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**ရေကြည် အောက်တိုဘာ ၂၄**

ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ်လတတိယပတ်မှ စတင်ဆောင်ရွက်ရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပြီး အောက်တိုဘာ ၂၂ ရက်က ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကွီးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အနောက်ရွာသစ်ကျေးရွာ ကျေးရွာတွင်းလမ်း အရှည် ၅၅၅ ပေ၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မဒု နှစ်ဘီးသွား ကွန်ကရစ်ဘီးလမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စန္ဒာလွင်(ကျေးလက်)



ပန်းတောင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း အရောင်းဆိုင်များအား သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ လပြည့်လင်း(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ် မြို့မဈေးရှေ့၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အသိပညာပေးခြင်း၊ မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်စဉ်။ ရဲကိုမောင်(ပြန်/ဆက်)



ရေဖြူမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၂ ရက်က မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## တိုက်ကြီးမြို့နယ်ရှိ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ခြင်းနှင့် ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းပို့ချ



တိုက်ကြီး အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျားချောင်းကျေးရွာ၌ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပါ ကဏ္ဍကြီး ငါးရပ် သင်တန်းပို့ချခြင်းကို အောက်တိုဘာ ၂၁ ရက်ကကျင်းဆင်းဆောင်ရွက်ရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် အဖွဲ့ဝင်များက အဘိုးအဘွားများအား အာဟာရနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခြင်း၊ အဘိုးအဘွားများအား ခြေသည်း လက်သည်း ညှပ်ပေးခြင်း ကုသိုလ်များ ဆောင်ရွက်ခဲ့ပြီး ဆယ်အိမ်စုမှူး အမျိုးသမီးများအား ဆီနှင့်ဆပ်ပြာမှုန့်များ ပေးအပ်သည်။

ထို့နောက် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ပါ ကဏ္ဍကြီး ငါးရပ်အား သင်တန်းပို့ချရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## ပန်းတနော်မြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ



ပန်းတနော် အောက်တိုဘာ ၂၄

ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံဝင်း အစည်းအဝေးခန်းမ၌ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို အောက်တိုဘာ ၂၁ ရက်က ဆောင်ရွက်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ ကလေးများကို ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ် သံတဇာကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိ



ထန်းတပင် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းတပင်မြို့နယ် သံတဇာကျေးရွာ၌ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ထားရှိရာ အောက်တိုဘာ ၂၂ ရက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ဆွေဆွေမြင့်နှင့် ဝန်ထမ်းများက သံတဇာကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ငှက်ပျောစိုက်ပျိုးရေးနှင့် ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ်သန်း ၃၀ နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ထည့်ဝင်ငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း အစုအဖွဲ့ တစ်ဖွဲ့၊ မွေးမြူရေးလုပ်ငန်း အစုအဖွဲ့ သုံးဖွဲ့ စုစုပေါင်း အစုအဖွဲ့ လေးဖွဲ့ဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငယ်လေး

## စေတုတ္တရာမြို့နယ်၌ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြော



စေတုတ္တရာ အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက်က ညောင်အိုင်ကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းဇော်ထွန်းတို့က အယ်လ်နီညို သက်ရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များကို ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက အယ်လ်နီညိုကြိုတင်ကာကွယ်ရေး အသိပညာများကို ဆွေးနွေးပြီး အယ်လ်နီညိုကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များ၊ လိုက်နာရမည့်အချက်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် ညောင်အိုင်ကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး လက်ရှိရေရရှိသုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အထွေး

## မြောင်းမြမြို့၌ ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေးထပ်ဆောင်းထိုးနှံ



မြောင်းမြ အောက်တိုဘာ ၂၄

မြောင်းမြမြို့၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို အောက်တိုဘာ ၂၁ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ ဇော်မင်းသိုက်က ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး-၁ ဒေါ်လှရီက ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါကာကွယ်ဆေးများကို အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံး၌ လာရောက်ထိုးနှံနိုင်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**



နေပြည်တော် တပ်ကုန်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး အသိပညာပေး စစ်ဆေးမှုများဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ အောက်တိုဘာ ၂၁ ရက်က ဆောင်ရွက်စဉ်။ တင်စိုးလွင်



နေပြည်တော် ဇေယျာသီရိမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်မားလာသည့်အတွက် ရပ်ကွက်၊ ကျေးရွာများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်စဉ်။ ထွန်းလင်း(ဇေယျာမြေ)



ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် အောက်တိုဘာ ၂၁ ရက်က ဘဏ်များ၊ ဈေးများ၊ စားသုံးဆီဆိုင်များနှင့် စက်ရုံ/အလုပ်ရုံများ မီးဘေးလုံခြုံရေး အသိပညာပေး(ရက်တို)သင်တန်းဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးတို့က အသိပညာပေးဟောပြောဆွေးနွေးပြီး သင်တန်းသား ၅၀ တက်ရောက်စဉ်။ လှိုင်မင်းအောင်(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးတောင်ပေါ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းကို ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးရဲညွန့်ထွေးနှင့် မီးသတ်တပ်ဖွဲ့ ဝင်များ အောက်တိုဘာ ၂၂ ရက်က စစ်ဆေးဆောင်ရွက်စဉ်။ ကျိုက်ထို(ပြန်/ဆက်)



ပန်းတောင်းမြို့နယ် ပန်းတောင်း-တောင်ကုတ်ကားလမ်းမပေါ်၌ ရာသီဥတုဖောက်ပြန်ပြောင်းလဲ သက်ရောက်မှုများအား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်စဉ်။ လပြည့်လင်း(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ယနေ့မှ အောက်တိုဘာ ၂၇ ရက်အထိ နေ့စဉ်နံနက်ပိုင်းမှ ည ၁၀ နာရီအထိ ရောင်းချပြသသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များနှင့် MSME လုပ်ငန်းရှင်များအပြင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ UMFCCI အသင်းချုပ်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပါဝင်ကြပြီး ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရန် စာအုပ်အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများနှင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြခန်းများအပါအဝင် စုစုပေါင်း ဆိုင်ခန်း ၆၂၈ ခန်းကျော်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိကာ ပွဲတော်ရက်များအတွင်း အလှူရှင်များက နေ့စဉ်စတုဒိသာကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ကာ ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိပြီး အလှပန်းခင်းများ၊ အလှမီးများနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်မည်ဖြစ်၍ မည်သူမဆိုပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ပွဲတော်ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်၊ စည်ပင်သာယာရေးဝန်ကြီးမြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်၊ စက်မှုဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ဖျော်ဖြေတင်ဆက်ကပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဈေးဆိုင်ခန်းများ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် ပြည်လမ်း(အရှေ့)ရပ်ကွက်၊ မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လက်ဖက်ရည်နှင့် မုန့်များ ပေးအပ်ကြသည်။

ထို့ပြင် ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် သိမ်ဖြူတင်းနစ်ကွင်းတွင်ကျင်းပရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက် အမှာစကား ပြောကြားသည်။ အဆိုပါပြိုင်ပွဲကို အားကစားသမား ၄၀၀ ဖြင့် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃၀)မှ ဗိုလ်လောင်းများ နေပြည်တော်အတွင်း လေ့လာရေးခရီးသွားရောက်



**နေပြည်တော် အောက်တိုဘာ ၂၄**

ခေတ်ကာလအဆက်ဆက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့် တပ်မတော်သားများမှ အနာဂတ်၏စစ်ခေါင်းဆောင်များ ဖြစ်လာကြမည့် ဗိုလ်လောင်းများအနေဖြင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များရှိစေရန်၊ သူရဲကောင်းများ၏ ရဲရင့်ပြတ်သားမှုကိုအတုယူ၍ တပ်မတော်၏ သမိုင်းကြောင်းအစဉ်အလာကောင်းများကို လက်တွေ့ကျကျ သင်ခန်းစာယူနိုင်စေရန်၊ ဘုရားစေတီပုထိုးများကိုးကွယ်ယုံကြည်မှုဆိုင်ရာ အမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျလေ့လာဖူးမြော်ခြင်းဖြင့် အမျိုးဘာသာ၊ သာသနာနှင့် အမျိုးသားယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊ မိမိတို့နိုင်ငံလူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဂုဏ်ယူတတ်စေရန်နှင့် ဒေသန္တရဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၃၀) မှ ဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများ လိုက်ပါ၍ အောက်တိုဘာ ၂၃ ရက်မှ ယနေ့အထိ နေပြည်တော်ကောင်စီနယ်မြေ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြကာ တန်ခိုးကြီးဘုရားစေတီတော်များအား လေ့လာဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဗိုလ်လောင်းများသည် အောက်တိုဘာ ၂၃ ရက်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကန်တော့ကြပြီး ဗိုလ်လောင်းများက နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့အပြင် ဆင်ဖြူတော်ဆောင်သို့ သွားရောက်၍ ရတနာဆင်ဖြူတော်များကို ဆင်စာများကျွေးကာ ကုသိုလ်ယူကြသည်။ ထို့နောက် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားစွာ အသက်ကိုပင် ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကိုပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သော သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်လေ့လာဂါရဝပြုခဲ့ကြသည်။ ထို့နောက် နက္ခတ်တာရာပြခန်း (နေပြည်တော်)သို့သွားရောက်လည်ပတ်လေ့လာကြည့်ရှုကြသည်။

ဆက်လက်ပြီး တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်၍ မြန်မာ့တပ်မတော်စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်မှအစပြု၍ ခေတ်အဆက်ဆက် တပ်မတော်တွင် အသုံးပြုခဲ့သော စစ်ဝတ်တန်ဆာပလာ အသုံးအဆောင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြင်ပလက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်းပြကွက်များနှင့် ပြတိုက်အတွင်း ပြခန်းဆောင်များ၊ ပြကွက်များအလိုက် ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ရှင်းလင်းပြောကြားသည်။

အလားတူ ယနေ့တွင်လည်း ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်လေ့လာကြရာ ဂေါပကများနှင့် တာဝန်ရှိသူများက ဘုရားကြီး၏သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ဗိုလ်လောင်းများက နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

